# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၃)ရက် ၊ သောကြာနေ့ ၊ (9-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



## မလေးရှားနိုင်ငံ၌ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၈**

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ၌ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံဝန်ကြီးချုပ်က ကွာလာလမ်ပူမြို့ရှိ မလေးရှားဝန်ကြီးချုပ်ရုံး၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မလေးရှားဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိလာရာ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့် အလေးပြုခံစင်မြင့်၌ နေရာယူ၍ ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

စာမျက်နှာ ၁၈ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ ဝန်ကြီးချုပ်ရုံးအဆောက်အအုံ၌ မလေးရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ပူထရာဗလီကျောင်းတော်ကို နောက်ခံထား၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**ရတနာပုံ ယနေ့ဖတ်စရာ**

**မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (Malaysia-Myanmar Cooperation Dia-logue)ကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ တက်ရောက်အမှာစကားပြောကြား**

စာမျက်နှာ - ၁၉

**နေကြာအထွက်တိုးလို့ ဝင်ငွေကြွယ် ခေတ်မီနည်းစနစ်သုံးပြီး စိုက်ကြမယ်**

ဆောင်းပါး စာမျက်နှာ - ၂၉

## ထားဝယ်မြို့ပေါ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်အချို့ရှိ မြစ်ရေနှင့် ချောင်းရေများဝင်ရောက်မှုကြောင့် ခေတ္တပိတ်ထားခဲ့သောကျောင်းများ ပြန်လည်ဖွင့်လှစ်၍ အေးချမ်းစွာပညာသင်ကြားလျက်ရှိ

**ထားဝယ် အောက်တိုဘာ ၈**

တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်ထိ မိုးသည်းထန်စွာ စံချိန်တင်ရွာသွန်းမှုကြောင့် ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့၊ တနင်္သာရီမြို့ရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး အခြေခံပညာကျောင်းအချို့တွင် မြစ်ရေနှင့်ချောင်းရေများဝင်ရောက်မှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည်။

ရေများပြန်လည်ကျဆင်းသွားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စာမျက်နှာ ၁၈ ကော်လံ ၁



ထားဝယ်မြို့ပေါ်ရှိ ခေတ္တပိတ်ထားခဲ့သောကျောင်းများ ပြန်လည်ဖွင့်လှစ်၍ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိစဉ်။



အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့ရွာ၊ရပ်ကွက်များ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ စာမျက်နှာ ၁၈ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်

အယ်ဒီတာ့အာဘော်

# အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး ပူးပေါင်းပါဝင်ပေး

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်ထိ ထိထိရောက်ရောက်ရှာဖွေနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိပေသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအနက် ဖျက်ဆီးရန်ကျန်ရှိသည့်အဆောက်အအုံများကို အောက်တိုဘာ ၆ ရက်က ဒုတိယပိုင်းအနေဖြင့် စတင်ဖြိုချဖျက်ဆီးခဲ့သည်။ ထို့နောက် တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်ခြင်းမရှိစေရေး သတင်းကွင်းဆက်များရယူ အစီအမံများရေးဆွဲ၍ အသေးစိတ်ဝင်ရောက်ရှင်းလင်းခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ ၆၃၅ လုံးကို ရှာဖွေဖော်ထုတ်ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အဆောက်အအုံအလုံးရေ ၁၄၀ ကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါအဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးကို ဇူလိုင် ၂၆ ရက်တွင် စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်သည်။ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို အောက်တိုဘာ ၆ ရက်မှစတင်ကာ ဖြိုချဖျက်ဆီးလျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အဆိုပါလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများ၊ နောက်ကွယ်မှကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၁၂၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၁၂၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၆၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၈၁၂၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၅ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၂၆၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိမှာ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၈၁၂၅ ဧကထိ နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းနှင့် အရည်အသွေးလဲ ကောင်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးပြေမပိသာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပြေမပိသာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ငါးပြေမပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးပြေမပိသာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေ ရန်ကုန်ဈေးကွက်ကို ပိသာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိသာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ငါးပြေမတွေ အပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချပါတယ်။ ဒီလထဲမှာ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးပြေမ တစ်ပိသာလျှင် အရွယ်အစားပေါ် မူတည်၍ ငွေကျပ် ၁၅၅၀၀ မှ ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# တံတားဦးမြို့နယ် အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အေးကြည်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၃၁ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြော

**ကျောက်ဆည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၇ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုသက်က အသိပညာပေး ဟောပြောပွဲတွင် ဟောပြောခဲ့သည့် အကြောင်းအရာများကို ဂရုစိုက်နားထောင်မှတ်သားကြပြီး အောင်မြင်သူများဖြစ်အောင် ဆောင်ရွက်သွားရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အလိမ္မာစာမှာရှိဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာအုပ်စာပေ လေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချသည့်အနေဖြင့် စာအုပ်စာပေများ ဖတ်ရှုကြရန်နှင့် ဘဝတွင်အောင်မြင်သူများသည် စာပေဖတ်ရှုသူများဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသောစာအုပ်စာပေများ၊ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဝင်း-ဒေါ်ဝင်းရီမိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၁ သိန်း၊ ထာဝရပဒေသာပင်အတွက် ငွေကျပ် ၁၁သိန်း စုစုပေါင်းငွေကျပ် ၂၂ သိန်း လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းဧက ၁၈၇၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းဧက ၁၈၇၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းဧက ၁၈၇၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပန်းနှမ်းဧက ၁၈၇၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပန်းနှမ်းကို ဆီထွက်သီးနှံအနေနဲ့ အသုံးပြုကြသလို ဆေးဖော်စပ်ရာမှာလဲအသုံးပြုကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၁၅ ဧက၊ မြောင်မြို့နယ်တွင် ၇၅၅ ဧက စုစုပေါင်းဧက ၁၈၇၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပန်းနှမ်းစိုက်ပျိုးမှုအနေဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းစိုက်ပျိုးမှုကို ကသာနှင့် ကောလင်းမြို့နယ်တို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ပန်းနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# အမရပူရမြို့နယ် တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၄၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၅၅ သန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကဏန်းပျော့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကဏန်းပျော့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လအတွင်း ကဏန်းပျော့ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကဏန်းပျော့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က မှာယူမှုများလို့ တင်ပို့ရောင်းချအား တက်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက ကဏန်းပျော့ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချခဲ့ရာမှ စက်တင်ဘာလထဲမှာ ကဏန်းပျော့ပိဿာချိန် ၇၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုလို မှာယူမှုများလာတဲ့အတွက် ကဏန်းပျော့မွေးမြူသူတွေနဲ့ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကဏန်းပျော့များ တင်ပို့ရောင်းချအားကောင်းပြီး အရောင်းအဝယ်ကောင်းလာသောကြောင့် ကဏန်းပျော့မွေးမြူသူများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ်ညီလာခံ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**❖ "မြန်မာနိုင်ငံစာရေးဆရာအသင်း၏သက်တမ်း"ကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော "ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး"(ပထမပိုင်း) (၁၉၄၀ မှ ၁၉၆၂)ထိ ၂၂ နှစ်၊ (ဒုတိယပိုင်း) (၁၉၆၆ မှ ၂၀၂၆) ထိ နှစ် ၆၀ စုစုပေါင်း ၈၂ နှစ် သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွှန်လာခဲ့သည်ထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သက်တမ်းအရှည်ကြာဆုံး စာပေအသင်းကြီးအဖြစ် သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက်ကောင်းမွန်လာခဲ့လေပြီ။ ❖**

မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ်ညီလာခံကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရန် ကြိုတင်ပြင်ဆင်နေကြလေပြီ။

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ၂၀၁၂ ခုနှစ် ဇွန် ၁၆ ရက်က ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင် သမိုင်းဝင်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး လေးနှစ်လျှင် ညီလာခံတစ်ကြိမ် ကျင်းပရသည့် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်၊ တတိယအကြိမ်ညီလာခံကို ၂၀၂၂ခုနှစ် မေ ၂၂ ရက်က ရန်ကုန်မြို့၊သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရုံးချုပ်၌ ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ မူလဘူတအခြေခံမိခင်မှာ "စာပေလုပ်သားအဖွဲ့" ဖြစ်သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းနောက်ပိုင်းတွင် စာပေလုပ်သားအဖွဲ့ကို အခြေခံပြီး ပြင်ဆင်ဖွဲ့စည်းခဲ့သော "စာပေနှင့် စာနယ်ဇင်းအဖွဲ့"ပေါ်ပေါက်လာခဲ့သည်။ ဒီမိုကရေစီခေတ်သို့ ကူးပြောင်းလာသောအခါ ခေတ်စနစ်နှင့်အညီ "မြန်မာနိုင်ငံ စာရေးဆရာအသင်း"ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

**စာရေးဆရာများအသင်း**

အမှန်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဟူသော ဝေါဟာရကို ၂၀၁၂ ခုနှစ်ကျမှ သုံးစွဲခဲ့ခြင်းဖြစ်သော်လည်း "ပြည်ထောင်စုမြန်မာနိုင်ငံစာရေးဆရာအသင်း" (စာရေးဆရာများအသင်း)ကို ၁၉၄၀-၄၁ ခုနှစ်က ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းစဉ်ကတည်းက စတင်သုံးစွဲခဲ့ခြင်းဖြစ်သည်။

စာရေးဆရာများအသင်းကို ၁၉၄၀-၁၉၄၁ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒီးဒုတ်ဦးဘချို၊ ၁၉၄၃-၁၉၄၄ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိမ်းမောင်၊ ၁၉၄၅-၁၉၄၆ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဂျာနယ်ကျော်ဦးချစ်မောင်၊ ၁၉၄၆-၁၉၄၇ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်နတ်ရှင်၊ ၁၉၄၇-၁၉၄၈ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဆရာမြို့မမောင်၊ ၁၉၄၈-၁၀၄၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် မဟာဆွေ၊ ၁၉၄၉-၁၉၅၀ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးတင့်ဆွေ၊ ၁၉၅၀ ပြည့်နှစ်တွင် ဆရာမကြီး ဂျာနယ်ကျော်မမလေး၊ ၁၉၅၀-၁၉၅၁ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်တာရာ၊ ၁၉၅၁-၁၉၅၂ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ရွှေပိန်သောင်း၊ ၁၉၅၂-၁၉၅၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဇဝန၊ ၁၉၅၄-၁၉၅၅ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးထင်ဖတ်(ဆရာမောင်ထင်)၊ ၁၉၅၅-၁၉၅၆ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်နတ်ရှင်၊ ၁၉၅၆-၁၉၅၇ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းဖေမြင့်၊ ၁၉၅၈-၁၉၅၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဇဝန၊ ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းဖေမြင့်၊ ၁၉၆၂-၁၉၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်ဘဆွေ၊ ၂၂ နှစ်အတွင်း အသင်းဥက္ကဋ္ဌ ၁၄ ဦး အလှည့်ကျတာဝန် ထမ်းဆောင်ခဲ့ကြသည်။ "၁၉၅၇-၅၈ ခုနှစ်တွင် စာရေးဆရာအသင်း၏ နာယကများမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ဝန်ကြီးချုပ်ဦးနု" တို့ ဖြစ်ကြသည်။ ထိုသို့တာဝန်ထမ်းဆောင်ခဲ့ကြရာတွင် စာဆိုတော်နေ့အထိမ်းအမှတ်များအဖြစ် ဝိဇယပြဇာတ်၊ ဦးပေါ်ဦး ပြဇာတ်၊ ခုံတော်မောင်ကျာဘမ်းပြဇာတ်၊ ဝေသာလီပြဇာတ်၊ ဝန်ဇင်းမင်းရာဇာပြဇာတ်၊ နတ်ရှင်နောင်ပြဇာတ်၊ မြဝတီမင်းကြီး ဦးစပြဇာတ်၊ မောင်ဖေငယ်ပြဇာတ်၊ လှိုင်ထိပ်ခေါင်တင် ပြဇာတ်၊ ဦးပုညပြဇာတ်၊ လက်ဝဲသုန္ဒရပြဇာတ်၊ စာရေးဆရာ မောင်ဒေါ်နပြဇာတ်၊ နဝဒေးပြဇာတ်၊ ရှင်နှောင်းပြဇာတ်၊ ပြဇာတ်စုစုပေါင်း ၁၄ ပုဒ်၊ ပဒေသာကပွဲများ၊ တစ်ခန်းရပ်ပြဇာတ်များ၊ စကားရည်လုပွဲများ၊ စာပေဟောပြောပွဲများ၊ စာဆိုအခမ်းအနားများကို နှစ်စဉ်မပျက်၊ လက်ဆင့်ကမ်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် "စာရေးဆရာ လစဉ်စာစောင်" အမှတ်(၁)ကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာပြည် စာရေးဆရာများအသင်းက ထုတ်ဝေခဲ့သည်။ စာစောင်ကို အမှတ်စဉ်(၁)မှ (၉) ထိ ထုတ်ဝေခဲ့ရာတွင် စာရေးဆရာများ၏ ဝတ္ထု၊ ဆောင်းပါးများ၊ သတင်းများ၊ ကဗျာများ၊ အသင်း၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံဥပဒေများကို ဖော်ပြခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် "စာပေ" မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် "စာရေးဆရာအသင်း၏ နှစ်ပတ်လည်စာစောင်"နှင့် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် "စာရေးဆရာစာစောင်"ထုတ်ဝေခဲ့သည်။

**စာပေလုပ်သားအဖွဲ့**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ပါလီမန်ဒီမိုကရေစီခေတ်က စာရေးဆရာများအသင်း ပျက်ပြယ်ပျောက်ကွယ်သွားခဲ့ပြီး "စာပေလုပ်သားအဖွဲ့ကြီး"ပေါ်ပေါက်လာခဲ့သည်။ တော်လှန်ရေးကောင်စီ ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၆၆ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် "ဆရာကြီး ဦးဝန်(မင်းသုဝဏ်)" ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော "စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ"ကို ဖွဲ့စည်းပေးခဲ့ပြီး ၁၉၇၆ ခုနှစ် ဇွန် ၁ ရက်တွင် ဥက္ကဋ္ဌ ဦးထိန်လင်း (ဗိုလ်တထောင်) (၁၉၇၆-၁၉၇၉) နှင့် ဦးအုန်းဖေ (ဆရာတက်တိုး) (၁၉၇၉) တို့ဦးဆောင်သော "စာပေလုပ်သားစည်းရုံးရေးကော်မတီ"ကို ဖွဲ့စည်းပေးခဲ့သည်။ စာပေလုပ်သား စည်းရုံးရေးကော်မတီ(ဗဟို)က မြို့နယ်အဆင့်များကို ဆက်လက်ဖွဲ့စည်းစေခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ဦးထွန်းတင်(ဆရာမန်းတင်) ဥက္ကဋ္ဌအဖြစ်ဦးဆောင်သော "စာပေလုပ်သားညီလာခံစည်းရုံးရေးကော်မတီ"ကို ဖွဲ့စည်းကာ ၁၉၈၀ ပြည့်နှစ် မတ် ၁ ရက်တွင် "ပထမအကြိမ် စာပေလုပ်သားညီလာခံ"ကိုကျင်းပခဲ့ရာ ဦးထွန်းတင် (ဆရာမန်းတင်)ကိုပင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ "ဒုတိယအကြိမ် စာပေလုပ်သားညီလာခံ"ကို ၁၉၈၄ ခုနှစ် ဧပြီ ၃ ရက်တွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးဝင်းဖေ (ဆရာ မြဇင်) "တတိယအကြိမ် စာပေလုပ်သား ညီလာခံ"ကို ၁၉၈၈ ခုနှစ် မတ် ၃၁ ရက်တွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ်ဦးခင်မောင်အေး(ဆရာခင်မောင်အေး-မန္တလေး) (၁၉၈၈-၁၉၈၉) စသည်ဖြင့် တာဝန်ပေးအပ်ခဲ့ကြသည်။

စာပေလုပ်သားအဖွဲ့လက်ထက်တွင် "စာပေလုပ်သား မဂ္ဂဇင်း"ကို လစဉ်ထုတ်ဝေနိုင်ခဲ့သည့်အပြင် "စာပေလုပ်သားသတင်းဂျာနယ်"ကိုလည်း ထုတ်ဝေနိုင်ခဲ့သည်။ နိုင်ငံအနှံ့အပြားတွင် စာပေဟောပြောပွဲများကို ကျင်းပနိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ ဖွဲ့စည်းပုံဥပဒေသစ်ပြဋ္ဌာန်းပွဲများတွင် တာဝန်ကျေပွန်စွာ ပါဝင်ကူညီခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားများတွင် စာပေဟောပြောပွဲများနှင့် တေးသရုပ်ဖော်ပွဲများဖြင့် ပါဝင်ကူညီခဲ့ကြသည်။

**စာပေနှင့်စာနယ်ဇင်းအဖွဲ့**

၁၉၈၈ ခုနှစ်အရေးအခင်းအပြီး တပ်မတော်အစိုးရလက်ထက်တွင် စာပေလုပ်သားအဖွဲ့ကြီး၏ အမွေကိုဆက်ခံသော "မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့" ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၈၈ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ရာ ၁၉၈၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် တရားဝင်ဖွဲ့စည်းခွင့်ရခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဦးစိုးညွန့် (ထီလာစစ်သူ)က ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလထိ ဆောင်ရွက်ခဲ့ပြီး ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ကျင်းပခဲ့သော "စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံ" က ဥက္ကဋ္ဌအဖြစ် ဦးမျိုးသန့် (ဆရာမောင်ဆုရှင်)၊ ၁၉၉၈ ခုနှစ် ဇွန် ၂၂ ရက်တွင် ကျင်းပသော "ဒုတိယအကြိမ်ညီလာခံ"က ဥက္ကဋ္ဌအဖြစ် ဦးကျော်အောင် (ဆရာကျော်အောင်)၊ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဥက္ကဋ္ဌအဖြစ် ဦးလှမြိုင် (ဆရာ ကိုဆောင်း)၊ ၂၀၀၂ ခုနှစ် ဇွန် ၂၈ ရက်တွင် ကျင်းပခဲ့သော "တတိယအကြိမ်ညီလာခံ"၊ ၂၀၀၆ ခုနှစ် မေ ၁၇ ရက်တွင် ကျင်းပခဲ့သော "စတုတ္ထအကြိမ်ညီလာခံ"တွင် ဥက္ကဋ္ဌအဖြစ် ဦးလှမြိုင် (ဆရာကိုဆောင်း)၊ ၂၀၁၀ ပြည့်နှစ် မေ ၉ ရက်တွင် ကျင်းပခဲ့သော "ပဉ္စမအကြိမ်ညီလာခံ"က ဥက္ကဋ္ဌအဖြစ်ဦးတင်ခ (ဆရာတက္ကသိုလ်တင်ခ)၊ ဦးတင်ခ တာဝန်တစ်ခုအရနုတ်ထွက်သွားသဖြင့် ဥက္ကဋ္ဌအဖြစ် ဦးတင်လှိုင် (ဆရာ လယ်တွင်းသား စောချစ်)တို့က တာဝန်ထမ်းဆောင်ခဲ့ကြသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံသက်တမ်းတစ်ဝက် နှစ်နှစ်ခန့်အကြာတွင် ခေတ်စနစ်နှင့်အညီ စာရေးဆရာအလွှာ၊ သတင်းစာဆရာအလွှာ၊ ပုံနှိပ်ထုတ်ဝေသူအလွှာဟူ၍ အလွှာသုံးလွှာဖွဲ့စည်းရန် ဆုံးဖြတ်ပြီး ၂၀၁၂ ခုနှစ် မတ် ၂၄ ရက်တွင် အရေးပေါ်ညီလာခံခေါ်ယူကာ "စာရေးဆရာအသင်းကော်မတီ" ကို ဖွဲ့စည်းခဲ့သည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့သက်တမ်းတွင် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲများ၊ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲများ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲများ၊ စာပေဆုချီးမြှင့်ပွဲများကို ကျင်းပနိုင်ခဲ့သည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုအခြေခံကာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီက ၂၀၁၂ ခုနှစ် ဇွန် ၁၆ ရက်တွင် "မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမ အကြိမ် ညီလာခံ"ကိုကျင်းပခဲ့ပြီး ဥက္ကဋ္ဌအဖြစ် စည်သူ ဦးတင်လှိုင် (ဆရာ လယ်တွင်းသားစောချစ်) ဦးဆောင်သော အမှုဆောင် ၃၅ ဦး ပါဝင်သည့် "မြန်မာနိုင်ငံစာရေးဆရာအသင်း" ကို စာပေသမိုင်းဝင် ဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် အသင်းဝင်များအဖြစ် ပါဝင်ခွင့်ပြုခဲ့သည့်အပြင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များကိုလည်း မြို့နယ်စာရေးဆရာအသင်းများအဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကာလက အင်အားဦးရေ ၈၂၈၀ ရှိခဲ့သော်လည်း သတင်းစာဆရာအသင်း၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအသင်း စသည့်အသင်းနှစ်သင်းက သီးခြားဖွဲ့စည်းထားပြီးဖြစ်ရာ အင်အားထက်ဝက်ခန့် လျော့နည်းသွားခဲ့သည်။ သို့သော် စာပေလောကသားများ၏အကျိုးကို ဦးတည်၍ ဖွဲ့စည်းထားကြသော အခြားမဟာမိတ်စာပေအသင်းအဖွဲ့များ၊ သမဂ္ဂများထဲတွင် နှစ်ပေါင်းရှည်ကြာသမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၌ ၂၀၁၆ ခုနှစ်က မြို့နယ်အသင်းပေါင်း ၁၉၆ သင်း၊ အသင်းဝင်ပေါင်း ဦးရေ ၄၄၃၀ ထိ တိုးပွားလာရာ အားတက်ဂုဏ်ယူစရာကောင်းသည်။ ယခု မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် မြို့နယ်အသင်းပေါင်း ၂၀၂ သင်းကျော်နှင့် အသင်းဝင်ပေါင်း ၆၀၀၀ ကျော်ရှိသဖြင့် အင်အားတောင့်တင်းခိုင်မာနေဆဲဖြစ်ရာ အားရဝမ်းသာ ပီတိဖြာနေကြရသည်။

၂၀၁၆ ခုနှစ် ဒုတိယအကြိမ်ညီလာခံတွင် ဥက္ကဋ္ဌဦးတင်လှိုင် (လယ်တွင်းသားစောချစ်)သည် ကျန်းမာရေး အခြေအနေအရ အနားယူသွားသောကြောင့် ဥက္ကဋ္ဌအဖြစ် ဦးကျော်ဝင်း (မနုဿကျော်ဝင်း) ဆက်လက်အရွေးခံ တာဝန်ယူခဲ့သည်။ ဦးကျော်ဝင်းသည် ၂၀၂၂ ခုနှစ် မတ် ၂၂ ရက်တွင် ကွယ်လွန်သွားသဖြင့် ၂၀၂၂ခုနှစ် မတ် ၂၅ ရက်တွင် ဒေါ်ချိုချိုတင် (မစန္ဒာ) အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြသည်။

တတိယအကြိမ် ညီလာခံသက်တမ်း လေးနှစ်ကာလအတွင်းတွင် ၂၀၂၂ ခုနှစ် မေ ၂၂ ရက်က ကျင်းပခဲ့သော တတိယအကြိမ်ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) အရွေးခံရပြီး တာဝန်ယူခဲ့ရာ ယနေ့ထိဖြစ်သည်။ ယခင်က ဆောင်ရွက်ခဲ့သော အကျိုးပြုလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးနေခဲ့သည်။ ထူးခြားချက်အနေဖြင့် စာရေးဆရာအသင်းကြီးက ဦးဆောင်ပြီး ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကျင်းပပေးခဲ့ကာ ဆုချီးမြှင့်ခြင်း၊ စာရေးဆရာအသင်းအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ စာရေးနည်းသင်တန်းဆင်းများက စုပေါင်း၍ စာအုပ်များထုတ်ဝေခြင်း၊ နိုင်ငံတကာစာပေနှင့် မြန်မာစာပေအပြန်အလှန်ဖလှယ်ကြခြင်း၊ နိုင်ငံတကာ ကဗျာရွတ်ဆိုပွဲများ၊ စာပေနှင့် အထွေထွေ သုတေသနစာတမ်းဖတ်ပွဲများ၊ လေ့လာရေးခရီးများအတွက် ဤအသင်းကြီးမှ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် မြို့နယ်အသင်းဝင်များ၊ သွားရောက်လေ့လာ စာတမ်းဖတ်ကြား ကဗျာများရွတ်ဆိုခဲ့ကြခြင်း၊ မဲခေါင်စာပေဆုနှင့် အရှေ့တောင်အာရှ စာပေဆုများရရှိခြင်း၊ ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံ စာရေးဆရာအသင်းက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်း၊ ဂျပန်ရှန်တီ ကလေးစာပေဆုချီးမြှင့်ပွဲများ၊ ကလေးစာပေအလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းကျင်းပပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်မှုများတွင် ပါဝင်လှူဒါန်းခြင်း၊ ရှေ့တန်းရောက်တပ်မတော်သားများနှင့် အသက်စွန့်သွားသူများအတွက် လှူဒါန်းခြင်း၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် အခြားအသင်းအဖွဲ့၊ ဌာနဆိုင်ရာများ **စာမျက်နှာ ၅ သို့** á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကျန်းမာဖို့ရာ ဂရုစိုက်ပါ

- အယ်လ်ညိုနီ အပူလှိုင်းကိုလ
အချိန်မဆိုင်း လာတော့မှာ၊
အများပြည်သူ ရှောင်လေခြင်းမို့
ဘေးကင်းဖို့ရာ၊
အထူးသတိပြု ဂရုစိုက်ပါ
အရေးကြီးတာ စိတ်မှာတွေး၊
အန္တရာယ် ကျော်ဖြတ်ဖို့
သိမှတ်စေရေး။

- အပူဒဏ် သဘာဝဘေးရယ်က
ဝင်လာမနေး အမှန်တကယ်၊
သစ်တောသစ်ပင် ထိန်းသိမ်းကြဖို့
လောကမြေဝယ်၊
ဝန်းကျင်ရပ် ဘေးလွတ်ကင်းဖွယ်
အသိသွယ်သွယ် သတိထား၊
နှိုးဆော်စေ အကျိုးရှိဖို့
တိုးသိစေသား။

- ဘေးကင်းအောင် ဉာဏ်ရည်အားတွေနှင့်
လှုပ်ရှားလို့ ပတ်ဝန်းကျင်၊
ကျန်းမာရေးကို ဂရုစိုက်လို့
သိထိုက်စေချင်၊
အစားအသောက် ဗီတာမင်
စုံစုံလင် အသီးအရွက်၊
လတ်ဆတ်အရာ မှျတဖို့
အာဟာရဖြည့်စွက်။ ။

ရင်ခတ်ပန်း(စွယ်တော်)

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းသီးနှံ ၇၃၁၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**တန့်ဆည် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းသီးနှံ ၇၃၁၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၀၀၉ ဧကနှင့် ဖူးစားပြောင်း ၂၆၆၉ ဧက စုစုပေါင်း ၉၆၇၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၅၃၁၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၁ ဒသမ ၀၆ တင်း ထွက်ရှိကာ ဖူးစားပြောင်း ၂၀၀၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၉၆၇၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ စိုက်ပျိုးချိန်မှာလဲ ဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်း တိုးတက်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ပြောင်းကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

နှင့် ပုဂ္ဂလိကစာပေ၊ စာမူပြိုင်ပွဲများတွင် စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များအဖြစ် တာဝန်ကျေပွန်စွာ ပါဝင်ကူညီခဲ့ကြသည့်အပြင် ပခုက္ကူစာမူဆုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကို တာဝန်ယူကျင်းပပေးခြင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းတွင် အမှုဆောင်များအဖြစ် ပါဝင်ဆောင်ရွက်နေသည့်အပြင် စာကြည့်တိုက်မှူးများညီလာခံ၌ စာတမ်းများဖတ်ကြားတင်သွင်းခြင်း၊ သတင်းမီဒီယာစာတမ်းဖတ်ပွဲတွင် ပါဝင်စာတမ်းဖတ်ကြားတင်သွင်းခြင်း၊ ဗဟိုအသင်းရုံးတွင်လည်း စာပေ၊ ဂီတ၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ စာမဖတ်သူပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ဗဟိုနှင့်မြို့နယ်အသင်းများက မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့်ပူးတွဲပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆင့်ဆင့်၏ ကူညီပံ့ပိုးမှုဖြင့် စဉ်ဆက်မပြတ်ပါဝင်ကူညီဆောင်ရွက်ခဲ့ကြခြင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတွင် အမှုဆောင်ကော်မတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခြင်း စသည်ဖြင့် ကြိုးပမ်းထမ်းရွက်ခဲ့ကြသည်။

**သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ**

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် နှစ်စဉ် စာဆိုတော်နေ့ဝန်းကျင်တွင် စာဆိုတော်ကြီးများကို အမှတ်တရဂုဏ်ပြုသည့် အစဉ်အလာတစ်ခုအဖြစ် အသက် ၈၀ နှင့်အထက် သတ်မှတ်စာပေစံနှင့် ကိုက်ညီပြည့်စုံကြသော **"အသင်းဝင် စာပေပညာရှင်ကြီးများ"**ကို မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့က ၁၉၈၀ပြည့်နှစ်မှ စ၍ နှစ်စဉ် ပူဇော်ကန်တော့ပွဲ ကျင်းပခဲ့သည်။ ၃၈ ကြိမ်မြောက် ၂၀၂၅ခုနှစ်တွင် ၂၈၈ ဦးထိ ပူဇော်ကန်တော့နိုင်ခဲ့သည်။ ၃၉ ကြိမ်မြောက် ၂၀၂၆ ခုနှစ်အတွက် ဆက်လက်စီစဉ်လျက်ရှိသည်။

ယခုကျင်းပတော့မည့် **"မြန်မာနိုင်ငံ စာရေးဆရာအသင်း စတုတ္ထအကြိမ် ညီလာခံ"** တွင် ညီလာခံ သက်တမ်းလေးနှစ်ကာလအတွင်း ဗဟိုအမှုဆောင်ကော်မတီက ဆောင်ရွက်နိုင်ခဲ့သမျှကို တင်ပြအစီရင်ခံရမည်ဖြစ်ရာ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက အပြုသဘော ဝေဖန်ဆွေးနွေးအကြံပေးကြရပေလိမ့်မည်။ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အတည်ပြုပေးကြပေလိမ့်မည်။ ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် ဗဟိုအမှုဆောင်ကော်မတီဝင်များကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြန်လည်ရွေးချယ်တင်မြှောက်ပေးကြရပေလိမ့်မည်။

**"မြန်မာနိုင်ငံစာရေးဆရာအသင်း၏သက်တမ်း"**ကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော **"ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး"** (ပထမပိုင်း) (၁၉၄၀ မှ ၁၉၆၂) ထိ ၂၂ နှစ်၊ (ဒုတိယပိုင်း) (၁၉၆၆ မှ ၂၀၂၆) ထိ နှစ် ၆၀ စုစုပေါင်း ၈၂ နှစ် သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်ထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သက်တမ်းအရှည်ကြာဆုံး စာပေအသင်းကြီးအဖြစ် သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက်ကောင်းမွန်လာခဲ့လေပြီ။

သို့ဖြစ်ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်များအနေဖြင့် **"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"** WE SHALL UPLIFT PRIDE OF HERITAGE AND LITERATURE ဟူသော အသင်းကြီး၏ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ကြကာ သမိုင်းအစဉ်အလာကောင်းခဲ့ကြသော **"နှလုံးရည်တပ်သားကောင်းများ"** ပီပီ စာပေအကျိုးနှင့် ပြည်သူ့အကျိုးကို အားသစ်လောင်း သယ်ပိုးထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်း စတုတ္ထအကြိမ်ညီလာခံကြီးအောင်မြင်စွာကျင်းပနိုင်ရေးကိုရှေးရှုကာ တက်ညီလက်ညီကြိုးပမ်းထမ်းရွက်ပါဝင်ဆင်နွှဲကြပါစို့ဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

# သဲကုန်းမြို့နယ် ချောင်းနားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**သဲကုန်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် ချောင်းနားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက ချောင်းနားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံ အပြန်အလှန်ပြောကြားချက်များ

## မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ပြောကြားချက်

အဆွေတော် သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့များ ခင်ဗျာ၊ အခုလိုမျိုး ကျွန်တော်ဖိတ်ကြားတာကို လက်ခံပေးတဲ့အတွက်၊ မလေးရှားနိုင်ငံကို လာရောက်လည်ပတ်တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

ကျွန်တော့်အနေနဲ့ Issue များစွာကို ဆွေးနွေးခဲ့ပါတယ်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီးတော့ပါ။ ကျွန်တော်တို့ နှစ်နိုင်ငံအကြား ကာလရှည်ကြာ အကောင်းဆုံး ဆက်ဆံရေးတွေ ရှိခဲ့တာဖြစ်ပါတယ်။

မကြာသေးမီကာလကတော့ ဒီဆက်ဆံရေးအပေါ်မှာ တချို့သော အတားအဆီးတွေ ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုကတော့ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ရမယ့်အချိန် ဖြစ်နေပါပြီ။

အာဆီယံရဲ့ Mechanism အတွင်းမှာဆိုရင် ကျွန်တော့်အနေနဲ့ နားလည်တာကတော့ အဆွေတော်သမ္မတကြီးနဲ့ အဆွေတော်ရဲ့ အစိုးရတို့ အများကြီး ကြိုးစားအားထုတ်ခဲ့တာကိုလည်း ကျွန်တော်တို့အနေနဲ့ သိရှိပါတယ်။ ကျွန်တော်တို့အကြား ဆက်ဆံရေးတွေ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အဆွေတော်တို့နိုင်ငံ မူဝါဒတွေ ပြောင်းတာတွေကိုလည်း ကျွန်တော့်အနေနဲ့ တွေ့ရပါတယ်။

အဆွေတော်တို့လို တိုင်းရင်းသားမျိုးစုံရှိပြီးတော့ ရှုပ်ထွေးလှတဲ့ အခြေအနေတွေ ရင်ဆိုင်နေရတဲ့ နိုင်ငံအနေနဲ့ အဆွေတော်တို့ နိုင်ငံအရေးကိစ္စကို ချဉ်းကပ်တဲ့အခါမှာ ဒီအခြေအနေကို ကျွန်တော်တို့အနေနဲ့ ထည့်သွင်းစဉ်းစားပြီး သိရှိနားလည်ဖို့ လိုပါတယ်။

ကျွန်တော်တို့ ဒီနေ့ အဆွေတော်နဲ့ ဆွေးနွေးခဲ့တာ လုံးဝကို ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးရှင်းရှင်း ဆွေးနွေးခဲ့တာဖြစ်တဲ့အတွက် များစွာ ကျေးဇူးတင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့ ဒီဆက်ဆံရေးတွေကို တိုးမြှင့်ဆောင်ရွက်ဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေကို မြှင့်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖြေရှင်းရမယ့် ကိစ္စကတော့ ကျွန်တော်တို့ နှစ်နိုင်ငံကြား trade တို့၊ investment တို့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ food၊ energy၊ capacity building အစရှိတဲ့ နယ်ပယ်တွေမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ ဖြစ်ပါတယ်။ နှစ်အလိုက် တိုးမြှင့်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ၁၄၀ ရာခိုင်နှုန်းလောက်အထိ တိုးတက်လာအောင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေအရ ကျွန်တော်တို့ ဆောင်ရွက်သွားဖို့ လိုပါတယ်။



အဆွေတော်အနေနဲ့ ပြောတာရှိပါတယ်။ ကျွန်တော့်ရဲ့ နိုင်ငံခြားရေးဝန်ကြီး Mr. Hasan မြန်မာနိုင်ငံမှာရှိနေတုန်း သူ့ရဲ့ counterpart မြန်မာနိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့တဲ့အခါမှာ သူတွေ့ဆုံခဲ့ရတဲ့ အခြေအနေတွေဟာ အင်မတန် ရလဒ်ကောင်းခဲ့တယ်ဆိုတာ ပြောပါတယ်။ အဆွေတော်သမ္မတကြီးအနေနဲ့ အခုလို ပူးပေါင်းဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ကိစ္စရပ်တစ်ခုကတော့ လက်ရှိအခြေအနေတွေမှာ ဖြစ်နေတာက နားလည်မှု လွဲမှားနေတဲ့ကိစ္စ၊ democratic reform တို့၊ domestic issues တို့ ဒါတွေကို နားလည်မှုလွဲနေတာဖြစ်ပါတယ်။ အဆွေတော်ကို ဘန်ကောက်မှာ တွေ့တဲ့အချိန်တုန်းက မြန်မာနိုင်ငံမှာ ငလျင်အပြီး အဆွေတော်နဲ့ ဘန်ကောက်မှာ တွေ့ပါတယ်။ အဆွေတော်က မူဝါဒနဲ့ ပတ်သက်ပြီး လက်ခံခဲ့တာဖြစ်တယ်။ ဆေးကုသမှုဆိုရင် ဘယ်သူမဆို ခွဲခြားမှုမရှိဘဲ တက်လို့ရတယ်။ ပြီးတော့ violence တွေ ဆက်မဖြစ်ဖို့အတွက် အဆွေတော်တို့ မူဝါဒတွေပြောင်းပြီးတော့ ကြိုးစားဆောင်ရွက်နေတာလည်း ကျွန်တော်တွေ့ပါတယ်။ ဒီကိစ္စတွေကို အာဆီယံက ကျွန်တော့်မိတ်ဆွေတွေကိုလည်း ကျွန်တော် ပြောခဲ့တယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး mechanism ဘယ်လို အကောင်အထည်ဖော်မလဲ။ ကျွန်တော် အဲဒီတုန်းက ပြောခဲ့တာကတော့ အာဆီယံခေါင်းဆောင်တွေကို ဒါခင်ဗျားတို့အပေါ်မှာပဲ မူတည်တယ်ဆိုပြီး ပြောခဲ့ပါတယ်။

ဒါကြောင့် ဒုတိယတစ်ခုကတော့ မြန်မာနိုင်ငံသားတွေကို ပြန်လည်ပို့ဆောင်ဖို့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော့် အတွေ့အကြုံအရ ဒီလိုမျိုး အရေးအတွက် အများကြီးနဲ့ ဘယ်နိုင်ငံမှ ပြန်လက်ခံချင်တယ်ဆိုတဲ့ ပုံစံမျိုးမရှိခဲ့ဘူးဆိုတာ ကျွန်တော့်အနေနဲ့ သိပါတယ်။ ဒါပေမဲ့ မြန်မာအစိုးရကတော့ ပြန်လက်ခံခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ၁၄၀၀ ကျော်ကို မြန်မာတပ်မတော်ရေယာဉ်သင်္ဘောနဲ့ ပြန်ခေါ်သွားပြီဖြစ်ပါတယ်။ ဒါပေမဲ့ မှတ်တမ်းတွေ အပေါ်တော့ မူတည်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန နှစ်ခုမှာ သတ်မှတ်ထားတဲ့ မှတ်တမ်းတွေအပေါ်မှာတော့ မူတည်ပါတယ်။ ရှိရင်းစွဲ စည်းမျဉ်းစည်းကမ်းတွေအရ၊ သဘောတူညီချက်တွေအရ ကျွန်တော့်ဆီမှာ လူဦးရေ ၃၀၀၀ လောက် ကျန်ပါသေးတယ်။ ဒီအဖွဲ့တွေကိုလည်း မကြာသေးမီမှာ မြန်မာက ပြန်လည်လက်ခံသွားမှာ ဖြစ်ပါတယ်။

အခုလက်ရှိမှာ သူတို့က ရာဇဝတ်မှု ကျူးလွန်ထားတာ မရှိဘူး၊ ရှင်းလင်းတယ်ဆိုရင် အဆွေတော်တို့အနေနဲ့ ပြန်လည်လက်ခံသွားမယ်ဆိုတာ သိရပါတယ်။ အခုလိုမျိုး ပွင့်ပွင့်လင်းလင်းနဲ့ ဒီလိုမျိုး ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဆွေတော်ရဲ့ အခုခရီးစဉ်ဟာ ကျွန်တော့်အတွက် အင်မတန် အရေးကြီးပါတယ်။ အခြားနိုင်ငံတွေအတွက်၊ ဒေသအတွက် အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ အခုလိုမျိုး လက်ခံပြီးတော့ မလေးရှားနိုင်ငံကို လာရောက်ပေးတာ အများကြီး ကျေးဇူးတင်ပါတယ်။

ပထမဆုံး ကျွန်တော်တို့ ဘန်ကောက်မှာတွေ့တော့ အဆွေတော်ပြောခဲ့တာ ကျွန်တော်မှတ်မိတယ်။ အဆွေတော်က ပွင့်လင်းတယ်၊ တခြားသူရဲ့အမြင်တွေကို နားထောင်လိုတယ်၊ အဲဒီလို ကျွန်တော်သဘောပေါက်ခဲ့တယ်။ အဲဒီလိုမြင်ပါတယ်။ အခု ခရီးစဉ်ကတော့ ဖြစ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ကျွန်တော်တို့ ဆောင်ရွက်သွားမယ်။ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေကို အဓိကတိုးမြှင့်သွားမယ်။ မြန်မာက ကျွန်တော်တို့ရဲ့ အသိုင်းအဝိုင်းထဲက မိသားစုဖြစ်ပါတယ်။ အထူးသဖြင့်တော့ အာဆီယံဆိုတဲ့ နောက်ခံအခြေအနေပါ မိသားစု ဖြစ်ပါတယ်။ Bilateral ကတော့ ကျွန်တော်တို့ မြန်မာနဲ့ မလေးရှားကြားမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် ဖလမ်းမြို့ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

ဖလမ်း အောက်တိုဘာ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖလမ်းမြို့ရှိ ဘာသာရေး ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။



**ပြောကြား**

တွေ့ဆုံစဉ် ချင်းပြည်နယ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို အမြန်ဆုံး ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း အရေးကြီးသည့်အတွက် လတ်တလောတွင် ယာယီဆေးရုံ ဖွင့်လှစ် ကုသပေးလျက်ရှိပြီး လိုအပ်သည့်ဆေးဝါးများနှင့်ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာ ရရှိရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး အခြေခံအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး Grade -12 အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ထို့ပြင် လူငယ်များနေရပ်ပြန်လာကာ ဒေသဖွံ့ဖြိုးရေးများတွင် ပါဝင်လာစေရေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများနှင့်အတူ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဒေသခံပြည်သူများ စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ရန်အရေးကြီးကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားများကောင်းမွန်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာ ဒေသအကျိုးကိုရှေးရှု၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများက ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များ အပေါ် ကော်မတီဝင်များက ရှင်းလင်းဆွေးနွေးကာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအတွက် အာဟာရဖြည့်စွက်စာများ ပေးဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ပြောကြားချက်

အဆွေတော် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါဘင် အီဘရာဟင်နဲ့ နှစ်ဖက်ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မလေးရှားနိုင်ငံဝန်ကြီးချုပ်ရဲ့ ဖိတ်ကြားချက်အရ တရားဝင်ခရီးစဉ် လာရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ပြီးတဲ့နောက်ပိုင်းမှာ ပထမဦးဆုံး မလေးရှားနိုင်ငံခရီးစဉ်ဖြစ်ပေမယ့် အာဆီယံနိုင်ငံကို သွားတာတော့ ပဉ္စမမြောက်နိုင်ငံခရီးစဉ်လည်း ဖြစ်ပါတယ်။

မလေးရှားနိုင်ငံကို ကျွန်တော် အရင်တုန်းက သုံးကြိမ် ရောက်ခဲ့ဖူးပါတယ်။ တပ်မတော်မှာ တာဝန်ထမ်းဆောင်စဉ် သုံးကြိမ် ရောက်ခဲ့ဖူးပါတယ်။ အခု ခရီးစဉ်မှာ မလေးရှားနိုင်ငံရဲ့ တိုးတက်မှုတွေ၊ သာယာလှပမှုတွေ၊ ကွာလာလမ်ပူရဲ့ သာယာလှပမှုတွေ၊ တက်ကြွစွာ လှုပ်ရှားနေတာတွေ တွေ့ရတဲ့အခါမှာ အရင်က လာခဲ့တဲ့အကြိမ်ထက် များစွာပြောင်းလဲတာကို တွေ့ရှိရပါတယ်။ ဒီအတွက်လည်း မလေးရှားနိုင်ငံကို ချီးကျူးပါကြောင်း ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံ ဆက်ဆံရေးဟာ လာမယ့် ၂၀၂၈ ခုနှစ်ဆိုရင် နှစ် ၇၀ ပြည့်တော့မှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နဲ့ နှစ်နိုင်ငံ အထိမ်းအမှတ်အခမ်းအနားတွေ ဒီထက်ပိုပြီး ဆောင်ရွက်နိုင်ဖို့အတွက်လည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံဟာ ကိုလိုနီလက်အောက်မှာ အတူကျရောက်ခဲ့တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံတွေဖြစ်ပြီးတော့ နီးကပ်တဲ့ ဆက်ဆံရေးလည်း ရှိပါတယ်။ ဒါ့အပြင်လည်း မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း ၁၉၉၇ ခုနှစ်မှာ မလေးရှားနိုင်ငံကနေ စတင်ထောက်ခံ စည်းရုံးဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံထဲမှာလည်း ကာလရှည်ကြာစွာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ မိတ်ဖက်နိုင်ငံတွေ ဖြစ်ကြောင်း ကျွန်တော်တို့ ပြောလိုပါတယ်။

ဒီနေ့ ကျွန်တော်တို့ နှစ်နိုင်ငံ ဆွေးနွေးပွဲက နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေဖို့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက်လည်း အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကဏ္ဍပေါင်းစုံ သုံးသပ်ခဲ့ပြီးတော့မှ လက်တွေ့ ပူးပေါင်းဆောင်ရွက်မယ့် နယ်ပယ်တွေကိုလည်း ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

အထူးသဖြင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး၊ သိပ္ပံနှင့်နည်းပညာ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု နယ်ပယ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ အလားအလာတွေလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

**အဆွေတော်နဲ့ နှစ်ဖက် ကိုယ်စားလှယ်များ၊ မီဒီယာများ ခင်ဗျား...**

မလေးရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်ဖက်နိုင်ငံတွေထဲမှာ အဆင့် (၄) နဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၉) ရှိနေပါတယ်။ အခု ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်တွေကြားမှာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းက နှစ်နိုင်ငံ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မယ့် အခွင့်အရေးဖြစ်တယ်လို့ ပြောချင်ပါတယ်။ အခု ကျွန်တော်တို့ ဆွေးနွေးမှုအတွင်းမှာလည်း နှစ်နိုင်ငံ အဓိကမဏ္ဍိုင်ဖြစ်တဲ့ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ကိစ္စတွေကိုလည်း အလေးထားပြီး ဆွေးနွေးနိုင်ခဲ့ပါတယ်။

အလားတူပါပဲ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်နိုင်ဖို့အတွက်လည်း စိုက်ပျိုးရေး၊ ရေထွက်ပစ္စည်း၊ အထည်အလိပ်နဲ့ အစားအစာကဏ္ဍ၊ တန်ဖိုးမြှင့်ပစ္စည်း ထုတ်လုပ်ရေး၊ ကုန်သွယ်မှု အဟန့်အတားတွေ လျှော့ချပြီး နှစ်နိုင်ငံဈေးကွက် အပြန်အလှန်ဝင်ရောက်ရေးနဲ့ ကမ္ဘာ့ Halal ဈေးကွက်ကို အတူတကွ ဝင်ရောက်နိုင်ဖို့အတွက်လည်း တွန်းအားပေးဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးနဲ့ အခြေခံအဆောက်အအုံကဏ္ဍမှာ မလေးရှားနိုင်ငံရဲ့ နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုပါကြောင်းနဲ့ ဆီအုန်းနဲ့ ရော်ဘာ၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာကဏ္ဍမှာလည်း ပိုမိုကျယ်ပြန့်



စွာ ဆောင်ရွက်သွားဖို့လည်း ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် MSME လုပ်ငန်းတွေကြားမှာ ချိတ်ဆက်မှုနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း မြှင့်တင်သွားမှာဖြစ်ပါတယ်။ စီးပွားရေး၊ ကူးသန်းရောင်းဝယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုနိုင်ဖို့အတွက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပိုမိုခိုင်မာစေဖို့အတွက် နှစ်နိုင်ငံလေကြောင်းလိုင်း တိုးချဲ့ပျံသန်းရေးကိစ္စတွေကိုလည်း အပြုသဘော ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဟာ နှစ်နိုင်ငံ ပြည်သူတွေအတွက် တကယ်လက်တွေ့ကျတဲ့ စီးပွားရေးအကျိုးအမြတ်တွေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလို အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ မလေးရှားနိုင်ငံရဲ့ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့လည်း ကျွန်တော် ဖိတ်ခေါ်လိုပါတယ်။ နှစ်နိုင်ငံကြားမှာ ဗီဇာကင်းလွတ်ခွင့်နဲ့ တိုက်ရိုက်လေကြောင်းဆက်သွယ်မှုတွေ ရှိနေတာကို အခြေခံပြီး နှစ်နိုင်ငံအကြား ခရီးသွားလာမှု၊ ယဉ်ကျေးမှုဖလှယ်ရေးနဲ့ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတွေကို တိုးမြှင့်နိုင်မယ့် အလားအလာတွေလည်း ရှိနေပါတယ်။

**အဆွေတော်ဝန်ကြီးချုပ်နဲ့ နှစ်ဖက် ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များ ခင်ဗျား...**

အခုလို တွေ့ဆုံဆွေးနွေးမှုအတွင်းမှာ နှစ်နိုင်ငံကြားမှာ အင်မတန်အရေးပါတဲ့ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာအလုပ်သမားတွေရဲ့ ရပိုင်ခွင့်ဆိုင်ရာကိစ္စရပ်တွေကိုလည်း ကျွန်တော်တို့ အဓိကထားပြီး အလေးပေးဆွေးနွေးနိုင်ခဲ့ပါတယ်။ မလေးရှားနိုင်ငံရဲ့ စီးပွားရေးနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ပေးလျက်ရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုပါကြောင်းနဲ့ သူတို့ရဲ့ လုပ်ငန်းခွင် ဘေးအန္တရာယ်လုံခြုံရေး၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ အကာအကွယ်များ ရရှိဖို့၊ လူမှုဖူလုံရေးနဲ့ စောင့်ရှောက်မှုတွေ ပိုမိုကောင်းမွန်လာစေဖို့အတွက်လည်း မလေးရှားအစိုးရနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားဖို့ သဘောတူညီခဲ့ပါတယ်။

ဒါ့အပြင် အလုပ်သမားတွေ တရားဝင်လမ်းကြောင်းကနေ တစ်ဆင့် လာရောက်ပြီးတော့မှ စနစ်တကျ လုပ်ကိုင်နိုင်ဖို့၊ ခေါင်းပုံဖြတ်ခံရမှုကနေ ကာကွယ်နိုင်ဖို့၊ ဗီဇာနဲ့ အလုပ်လုပ်ကိုင်ခွင့် ပါမစ်ဆိုင်ရာကိစ္စတွေ ချောမွေ့စေဖို့၊ နှစ်နိုင်ငံ အလုပ်သမားသဘောတူညီချက် MoU များအတိုင်း ထိရောက်စွာ အကောင်အထည်ဖော်ဖို့လည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွေမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေကို နိုင်ငံသားစိစစ်ပြီးတော့ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုထားတဲ့သူတွေကိုလည်း ပြန်လည်ခေါ်ဆောင်ရေး ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလိုစိစစ်ပြီးတဲ့သူတွေကိုလည်း အမြန်ဆုံးခေါ်နိုင်ဖို့အတွက် ကျွန်တော်စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ပြောလိုပါတယ်။ ဒီအချိန်က ရာသီဥတုကောင်းမွန်တဲ့အချိန် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်တပ်မတော်(ရေ)က သင်္ဘောတွေစေလွှတ်ပြီးတော့မှ အမြန်ဆုံးခေါ်ဆောင်သွားမှာဖြစ်ကြောင်းလည်း ကျွန်တော်ပြောလိုပါတယ်။ ဒီအတွက် မလေးရှားအစိုးရအနေနဲ့လည်း ဒါကို ခွင့်ပြုပေးနိုင်ဖို့အတွက်လည်း မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်စားလှယ်အဖွဲ့မှာ ပါလာတဲ့ အလုပ်သမားဝန်ကြီးလည်း မလေးရှားနိုင်ငံ အလုပ်သမားဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ မလေးရှားနိုင်ငံမှာ ရောက်ရှိလုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားတွေရဲ့ လုပ်အားနဲ့ ကြိုးပမ်းမှုတွေဟာ နှစ်နိုင်ငံစလုံးရဲ့ စီးပွားရေးနဲ့ ချစ်ကြည်ရင်းနှီးမှုအတွက် များစွာအဓိကကျပြီး မလေးရှားအစိုးရရဲ့ ကူညီစောင့်ရှောက်မှုတွေအတွက်လည်း ကျေးဇူးတင်ရှိကြောင်းလည်း ကျွန်တော် ပြောလိုပါတယ်။

**အဆွေတော်ဝန်ကြီးချုပ်နဲ့ နှစ်ဖက် ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များ ခင်ဗျား...**

မြန်မာနိုင်ငံမှာ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းရာဇဝတ်မှုနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွေကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီးတော့မှ Zero tolerance အဖြစ် ချမှတ်ပြီးဆောင်ရွက်နေပါတယ်။ အခု ဆွေးနွေးမှုတွေအတွင်းမှာလည်း ကျွန်တော်တို့ ဒေသတွင်းနဲ့ နှစ်နိုင်ငံစလုံးရဲ့ လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ကြီးမားစွာ ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနဲ့ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့ကိုလည်း အထူးအလေးထားပြီး အနီးကပ် ပူးပေါင်းဆောင်ရွက်သွားကြဖို့အတွက် သဘောတူညီခဲ့ကြပါတယ်။ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများဖြစ်တဲ့ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှုတွေကိုလည်း ထိရောက်စွာ တားဆီးနိုင်ဖို့အတွက် သတင်းအချက်အလက် ဖလှယ်မှုနဲ့ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းတွေကြားမှာ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို မြှင့်တင်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူတွေကြားမှာ ဒုက္ခပေးနေတဲ့ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေနဲ့ ဆိုက်ဘာရာဇဝတ်မှု ကွန်ရက်တွေကိုလည်း အမြစ်ပြတ်ချေမှုန်းနိုင်ဖို့အတွက် နှစ်နိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေအကြား၊ လုံခြုံရေးအဖွဲ့ဝင်တွေအကြား အချိန်နဲ့တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီးတော့ လူကုန်ကူးမှုတွေကနေ ကာကွယ်တားဆီးရေးနဲ့ ဘေးကင်းစွာ ကယ်တင်စောင့်ရှောက်ရေးကိစ္စတွေကိုလည်း အပြုသဘောဆွေးနွေးနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးနဲ့ အွန်လိုင်းလိမ်လည်မှုကင်းစင်ပြီး လုံခြုံစိတ်ချရတဲ့ ဒေသပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ဖို့အတွက် မလေးရှားနိုင်ငံနဲ့အတူ လက်တွဲပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အာမခံပြောကြားလိုပါတယ်။ မြန်မာနိုင်ငံတွင်းမှာ အခက်အခဲ ကြုံနေရတဲ့ မလေးရှားနိုင်ငံသားတွေကိုလည်း ကူညီပေးပြီး နေရပ်ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် နှစ်နိုင်ငံ နိုင်ငံသားတွေနဲ့ သက်ဆိုင်တဲ့ လူဝင်မှုကြီးကြပ်ရေး၊ အလုပ်သမားရေးရာ၊ နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ ကူညီကယ်ဆယ်ရေးကိစ္စတွေကိုလည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

**အဆွေတော်ဝန်ကြီးချုပ်နဲ့ နှစ်ဖက် ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များ ခင်ဗျား...**

ကျွန်တော့်ရဲ့ အခု ခရီးစဉ်ကနေတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ မလေးရှားနိုင်ငံ အစိုးရ၊ ပြည်သူတွေနဲ့အတူ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေဖို့ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ထပ်လောင်းဆန္ဒပြုပါတယ်။ အခါအခွင့်ကြုံတဲ့ အချိန်မှာလည်း မလေးရှားနိုင်ငံ အဆွေတော် ဝန်ကြီးချုပ်ကိုလည်း မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်ဖို့ ကျွန်တော်ဖိတ်ကြားခဲ့ပါကြောင်း အသိပေးလိုပါတယ်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၈**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း ဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၃ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် အဖြစ်ခန့်အပ်တာဝန်ပေးပြီးဖြစ်သော ဗိုလ်ချုပ်ကြီး ကိုကိုဦးက ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်ကို အတည်ပြုပါဝင်သည့် စာလွှာကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၈) ဦးကြည်လင်းထက်**က ယနေ့ခေတ် စွမ်းအင်လုံခြုံရေးသည် လောင်စာဆီရရှိရေးတစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်တော့ဘဲ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုံခြုံမှု၊ အမျိုးသားလုံခြုံရေး၊ အစားအစာလုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ပြည်သူများ၏နေ့စဉ်ဘဝလုံခြုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည့် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်လာပါကြောင်း၊ စာလွှာကို လက်မှတ်ရေးထိုးပေးပို့ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်လုံခြုံရေးကို ဒေသတွင်းပူးပေါင်းကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ စွမ်းအင်အကျပ်အတည်းသည် အကျပ်အတည်းမဖြစ်မီ ကြိုတင်ပြင်ဆင်ထားခြင်းက ပိုမိုထိရောက်ပါကြောင်း၊ ယခုသဘောတူညီချက်ကို အတည်ပြုခြင်းသည် မိမိနိုင်ငံ၏ စွမ်းအင်မူဝါဒကို အခြားနိုင်ငံများထံ လွှဲအပ်ခြင်းမဟုတ်ဘဲ အရေးပေါ်ကာလတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဖြေရှင်းနိုင်မည့်ဒေသတွင်း အရေးပေါ်တုံ့ပြန်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး မူဘောင်တစ်ရပ် တည်ဆောက်ခြင်းဖြစ်ပါကြောင်း။

AFAPS ကို အတည်ပြုလက်ခံခြင်းသည် လက်ရှိ အကျပ်အတည်းကိုသာ ဖြေရှင်းရန်မဟုတ်ဘဲ နောင်ဖြစ်ပေါ်လာနိုင်မည့် စွမ်းအင်အကျပ်အတည်းများအတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှု၊ သယ်ယူပို့ဆောင်ရေးတည်ငြိမ်မှု၊ ကုန်ထုတ်လုပ်မှုတည်ငြိမ်မှု၊ ပြည်သူများ၏ နေ့စဉ်ဘဝတည်ငြိမ်မှုတို့အတွက် စွမ်းအင်လုံခြုံရေးသည် အမျိုးသားအကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်စပ်နေသော အခြေခံလိုအပ်ချက်တစ်ရပ်လည်း ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း**က အာဆီယံဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ တိုးမြင့်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက်များလည်း တဖြည်းဖြည်းမြင့်တက်လာလျက်ရှိပါကြောင်း၊ အထူးသဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းများသည် သယ်ယူပို့ဆောင်ရေး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နေ့စဉ်လူမှုစီးပွားဘဝများအတွက်အရေးပါသော စွမ်းအင်အရင်းအမြစ်များဖြစ်ပါကြောင်း၊ နိုင်ငံတကာရေနံဈေးကွက်မတည်ငြိမ်မှု၊ နိုင်ငံတကာပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် နိုင်ငံတကာထောက်ပံ့ရေး ကွင်းဆက်ပြတ်တောက်မှုများသည် ရေနံနှင့်ရေနံထွက်ပစ္စည်းများ၏ ထောက်ပံ့မှုနှင့် ဈေးနှုန်းများအပေါ်သက်ရောက်မှု ရှိနိုင်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရေနံဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် လိုအပ်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့် ဒေသတွင်း စွမ်းအင်ဖူလုံရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏စွမ်းအင်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အထောက်အကူပြုနိုင်ရေးအတွက် အဆိုပါသဘောတူညီချက်မူဘောင်တွင်အတည်ပြုပါဝင်ခြင်းသည် သင့်တော်သည့် ဆောင်ရွက်ချက်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်းဆွေးနွေးသည်။

**ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်**က မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့ ထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ပြည်တွင်းသုံးစက်သုံးဆီနှင့် ရေနံစိမ်းလိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကို ပြည်ပမှ အဓိကတင်သွင်းနေရပါကြောင်း၊ သဘောတူညီချက်ပါ အရေးပေါ်တုံ့ပြန်ရေးယန္တရားအရ စွမ်းအင်ထောက်ပံ့မှု ရုတ်တရက်လျော့နည်းပြတ်လပ်ပါက အရေးပေါ်အခြေအနေသတ်မှတ်ပြီး အာဆီယံနိုင်ငံများ၏ ကူညီထောက်ပံ့ရေးမူဘောင်ကို စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဤမူဘောင်တွင် ပါဝင်ခြင်းဖြင့် မိမိတို့ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ဒေသတွင်းဈေးကွက်သို့ ပိုမိုကျယ်ပြန့်စွာ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ အနာဂတ်ပြည်တွင်းစွမ်းအင် လိုအပ်ချက်များအတွက်လည်း ဒေသတွင်း LNG Terminal များနှင့် ကွန်ရက်များမှတစ်ဆင့် ပြန်လည်တင်သွင်းနိုင်သည့် နည်းပညာနှင့် ကုန်သွယ်ရေးအခန်းကဏ္ဍများကို ရရှိမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏စွမ်းအင်လုံခြုံရေး၊ ဒေသတွင်းအခြေခံအဆောက်အအုံ ချိတ်ဆက်ရေးနှင့် ရေရှည်စီးပွားရေး အကျိုးစီးပွားများကို ရှေးရှုပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အာဆီယံရေနံလုံခြုံမှုဆိုင်ရာ သဘောတူညီချက် မူဘောင်ကို အသက်ဝင်စေရန် စာချုပ်ကို အတည်ပြုပါဝင်သည့် စာလွှာ (Instrument of Ratification) ကို တရားဝင် ထုတ်ပြန်အပ်နှံရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၊ ကချင်ပြည်နယ် ကိုယ်စားလှယ်အမှတ် (၄) ဒေါ်မီမီကျော်ထွန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်၊ ကျွန်းစုမဲဆန္ဒနယ်မှ ဦးအောင်ကျော်နှင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ရေရှည်စွမ်းအင်ဖူလုံမှုရှိရေးနှင့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံဒေသတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖူလုံစေရေးနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံမှ သဘာဝဘေးများ၊ ကပ်ရောဂါများ၊ စစ်ပွဲများ၊ ပဋိပက္ခများကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပြတ်လပ်မှု အရေးပေါ်အခြေအနေကြုံတွေ့ရပါက အဖွဲ့ဝင်နိုင်ငံများအချင်းချင်း လွတ်လပ်သောသဘောဆန္ဒအလျောက် နိုင်ငံ၏အကျိုးစီးပွားကို မထိခိုက်စေဘဲ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အရေးပေါ်အခြေအနေ ကြုံတွေ့နေသောနိုင်ငံသို့ ရောင်းချပေးနိုင်ရေးနှင့် ဒေသတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ပြတ်လပ်မှု အရေးပေါ်အခြေအနေလျှော့ချသွားနိုင်ရေး ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံချက်များ ရေးဆွဲချမှတ်မည့်အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် လှည့်လည်စာဖြင့် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း။

အဆိုပါ သဘောတူညီချက်မူဘောင်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ယခင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅)၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ Full Power ရယူ၍ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုသို့လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင်၏ အခန်း(၈)အပိုဒ်(၁)တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက စာချုပ်ကို အတည်ပြုပါဝင်သည့်စာလွှာ (Instrument of Ratification) ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ ပြည့်မြောက်ချိန်မှ သဘောတူညီချက်မူဘောင် အသက်ဝင်မည်ဖြစ်ကြောင်းဖော်ပြထားရာ သဘောတူညီချက်မူဘောင် အမြန်ဆုံးအသက်ဝင်နိုင်ရေးအတွက် စာချုပ်ကိုအတည်ပြုပါဝင်သည့်စာလွှာကို အဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့ရမည်ဖြစ်သဖြင့် တင်ပြရခြင်းဖြစ်ကြောင်း။

ယခုအာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့မည့် စာချုပ်ကို အတည်ပြုပါဝင်သည့် စာလွှာသည် ၂၀၂၅ ခုနှစ်အောက်တိုဘာ ၁၆ ရက်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင်ကို အတည်ပြုကြောင်း အကြောင်းကြားသည့်စာလွှာဖြစ်ပါကြောင်း။

စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၆) မှ သဘောတူခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်ကို အတည်ပြုပါဝင်သည့်စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀၉ (က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၅(က) တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ဘယ်လာရုစ်သမ္မတနိုင်ငံ DBRB နှင့် Bel-investbank JSC တို့မှ ပို့ကုန်ချေးငွေရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံ ဘဏ်လုပ်ငန်းချိတ်ဆက်မှုဖြင့် လက်တွေ့ကျသောအခြေခံလုပ်ငန်းစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး ပို့ကုန်ချေးငွေရယူခြင်းမှတစ်ဆင့် ဘယ်လာရုစ်နိုင်ငံမှ စက်ယန္တရားနှင့် နည်းပညာများ ဝယ်ယူအသုံးပြုနိုင်ခြင်း၊ နည်းပညာဆန်းသစ်တိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စက်မှုနှင့် လျှပ်စစ်ကဏ္ဍများတွင် တိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် MSME လုပ်ငန်းများအတွက် Working Capital ရရှိသွားသောကြောင့် ပို့ကုန်ပမာဏတိုးမြှင့်လာနိုင်ပြီး ပြည်ပဈေးကွက်နှင့်ချိတ်ဆက်၍ Letters of Credit, Documentary Collection စသည့် နိုင်ငံတကာကုန်သွယ်ရေး ငွေပေးချေမှုနည်းလမ်းများ အသုံးပြုရာတွင် ဘဏ်ချိတ်ဆက်မှု ပိုမိုအားကောင်းလာနိုင်သည့်အတွက် ပို့ကုန်ငွေပြန်လည်ရရှိရမည့်ကာလအတွင်း ငွေကြေးဖိအားလျှော့ချလာနိုင်ခြင်း၊ ကုန်သွယ်ရေးမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးများ ပိုမိုကျယ်ပြန့်ကောင်းမွန်လာကာ မြန်မာ့စီးပွားရေးအတွက် Export-led Growth ကို အထောက်အပံ့ပြုစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သောကြောင့် ဘယ်လာရုစ်သမ္မတနိုင်ငံ JSC Development Bank of the Republic of Belarus (DBRB) နှင့် JSC Belarusian Bank for Development and Reconstruction (Belinvestbank) တို့မှ ပို့ကုန်ချေးငွေ ရယူနိုင်ရေးနှင့် စပ်လျဉ်း၍ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၈) ဦးကြည်လင်းထက်**က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား ချုပ်ဆိုထားသည့် Export Loans ဆိုင်ရာ General Agreement သည် နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်စေရန်အတွက် ငွေကြေးပံ့ပိုးမှု မူဘောင်တစ်ရပ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုသဘောတူညီချက်သည် သက်ဆိုင်ရာချေးငွေနှင့် စာချုပ်အခြေအနေအလိုက် သင့်လျော်သည့် ငွေကြေးအမျိုးအစားကို ရွေးချယ်နိုင်မည့် အခွင့်အလမ်းရရှိပြီး နိုင်ငံခြားငွေကြေးဖြင့်

**စာမျက်နှာ ၉ သို့**

**စာမျက်နှာ ၈ မှအဆက်**

ချေးယူခြင်းဖြစ်သည့်အတွက် Exchange Rate Risk နှင့် အတိုးနှုန်းပြောင်းလဲမှု အန္တရာယ်များကိုလည်း သတိပြုရန် လိုအပ်ပါကြောင်း၊ ယခု General Agreement ကိုအတည်ပြုခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရုံသာမက နိုင်ငံတကာဘဏ္ဍာရေးအရင်းအမြစ်များကိုအသုံးချပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်စက်ပစ္စည်း၊ နည်းပညာနှင့် အရင်းအနှီးပစ္စည်းများရရှိနိုင်ရေးအတွက်လည်း အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း။

သို့ပါ၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ နည်းပညာနှင့် အရင်းအနှီးပစ္စည်းများရရှိရေး၊ နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့အတွက် အကျိုးရှိစေနိုင်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်**က ဘယ်လာရုစ်နိုင်ငံ၏ စာချုပ်တွင် Export လမ်းကြောင်းသည် မြန်မာနိုင်ငံမှ Export လုပ်ငန်းရှင်များအတွက် Working Capital ရရှိပြီး Export Order Financing, Trade Finance တိုးတက်လာနိုင်ပါကြောင်း၊ နိုင်ငံခြားငွေပေးချေမှုလမ်းကြောင်းများလည်း တိုးတက်လာနိုင်ပါကြောင်း၊ နိုင်ငံအတွက် ပို့ကုန်များ တိုးတက်လာနိုင်ပြီး Foreign Exchange များလည်း တိုးလာနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနှင့် ဘယ်လာရုစ်ကုန်သွယ်ရေးလုပ်ငန်း တိုးလာနိုင်ပြီး ဘဏ်များကြား Corresponding Banking ဆက်သွယ်မှု ပိုမိုကောင်းလာနိုင်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွက် အင်မတန်အကျိုးကျေးဇူးများလာမည်ဖြစ်သည့်အပြင် ဘယ်လာရုစ်သမ္မတနိုင်ငံမှ ကုန်ပစ္စည်းများဝယ်ယူရာတွင် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် လိုအပ်သည့် စက်ယန္တရားနှင့် နည်းပညာများကို ဝယ်ယူအသုံးပြုခြင်းဖြင့် နည်းပညာစွမ်းရည် တိုးတက်လာနိုင်ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏စီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအမံများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လွန်စွာအကျိုးကျေးဇူးကြီးမားမည်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်းဆွေးနွေးသည်။

ထို့နောက် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မင်းလှ မဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၊ ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းအစီအစဉ်တို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း အသိပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၈) ဦးကြည်လင်းထက်**က ဘဏ္ဍာနှစ်တစ်နှစ်အတွင်း နိုင်ငံတော်၏ဝင်ငွေနှင့် အသုံးစရိတ်ကြား ကွာဟမှုရှိလာသည့်အခါ အဆိုပါဘဏ္ဍာရေးလိုငွေကို သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြည့်ဆည်းနိုင်ရေးသည် နိုင်ငံတော်ဘဏ္ဍာရေးစီမံခန့်ခွဲမှု၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် တင်ပြလာသည့်အစီအစဉ်သည် လိုငွေဖြစ်ပေါ်လာပါက လိုအပ်သည့်အတိုင်းအတာထိသာ ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များကိုဝယ်ယူပြီး ဖြည့်ဆည်းပေးနိုင်ရေးအတွက် ခွင့်ပြုချက်ရယူခြင်းဖြစ်သောကြောင့် နိုင်ငံတော်၏ ဘဏ္ဍာရေးလိုအပ်ချက်ကို အချိန်မီစီမံဆောင်ရွက်နိုင်ရေးအတွက် အရေးပါသည့်အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရ၏ လိုအပ်သည့်အသုံးစရိတ်များကို အချိန်မီဖြည့်ဆည်းနိုင်ရေးသည် အရေးကြီးသော်လည်း ဗဟိုဘဏ်မှ ငွေကြေးဖြင့် ဖြည့်ဆည်းပေးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ငွေကြေးဖောင်းပွမှု၊ ငွေကြေးလည်ပတ်မှုအပေါ် သက်ရောက်မှု၊ ပြည်တွင်းကြေးမြီဝန်ထုပ်ဝန်ပိုးနှင့် ငွေကြေးတန်ဖိုးတည်ငြိမ်မှုတို့ကို စနစ်တကျထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

ဗဟိုဘဏ်၏ ငွေကြေးမူဝါဒနှင့် အစိုးရ၏ ဘဏ္ဍာရေးမူဝါဒတို့ကြား ညှိနှိုင်းဆောင်ရွက်မှု ကောင်းမွန်စွာရှိနေရန်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းနိုင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးနှင့် စီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၂) ဒေါ်ခင်ဆွေ**က နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင် ဝင်ငွေနှင့်အသုံးစရိတ် မမျှတသည့်အခါ လိုငွေပေါ်ပေါက်ခြင်းသည် မလွှဲမရှောင်သာ ကြုံတွေ့နိုင်သည့် အခြေအနေတစ်ရပ်ဖြစ်ပါကြောင်း၊ ထိုသို့လိုငွေကို ချေးငွေဖြင့် ဖြည့်ဆည်းခြင်းသည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနည်းလမ်းတစ်ရပ် ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်က အစိုးရအား ချေးငွေထုတ်ပေးခြင်းကို အကန့်အသတ်မရှိ ဆောင်ရွက်ခြင်းမပြုဘဲ ချေးငွေပမာဏ၊ သက်တမ်း၊ အတိုးနှုန်းနှင့် ပြန်လည်ပေးဆပ်ရမည့်အချိန်ကာလတို့ကို ဥပဒေအရ ကန့်သတ်ထားသည့် နိုင်ငံများစွာရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လိုငွေဖြည့်ဆည်းရန် ချေးငွေယူသည့်အခါ ဘဏ္ဍာနှစ်အတွက် လိုငွေကို ဖြည့်ဆည်းရန်သာမကဘဲ ငွေကြေးတည်ငြိမ်မှုနှင့် အနာဂတ်ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စကို ဆောင်ရွက်ရာတွင် ဥပဒေ၊ ဘဏ္ဍာရေးစည်းကမ်း၊ ငွေကြေးတည်ငြိမ်မှုများ၊ ပြည်သူ့ဘဏ္ဍာအပေါ် ရေရှည်သက်ရောက်မှုတို့ကို စနစ်တကျ ထည့်သွင်းစဉ်းစား၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုများ၊ ပြန်လည်ပေးဆပ်နိုင်စွမ်းတို့ကို အခြေခံသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုတို့ကိုဖြင့် စနစ်တကျဆောင်ရွက်ကြပါရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ယင်းကိစ္စနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၂) ဦးသန်းအောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းဌေး၊ သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းအစီအစဉ်တို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း အသိပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ၂၀၂၆ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၆) မှ ခွင့်ပြုချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကို မြန်မာနိုင်ငံကိုယ်စားဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ၏ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၁ ရက်က လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

အဆိုပါသဘောတူစာချုပ်အကျိုးသက်ရောက်စေခြင်းနှင့်စပ်လျဉ်းပြီး စာချုပ်၏ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(၁) အရ စာချုပ်ဝင်နိုင်ငံများအချင်းချင်း သက်ဆိုင်ရာ ဥပဒေအရ လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးကြောင်း အသိပေးအကြောင်းကြားစာ(Instrument of Notification) ကို အပြန်အလှန်ပေးပို့ရမည်ဖြစ်ပါကြောင်း။

ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးတက်စေရေး၊ နိုင်ငံတကာစီးပွားရေးဆက်ဆံမှုများ ပိုမိုခိုင်မာစေရေးတို့အတွက် အရေးပါသောနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာခြင်း၏ ပြယုဂ်တစ်ခုဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်သည် ဝင်ငွေခွန်အမျိုးအစားတစ်မျိုးတည်းဖြင့်သာ သက်ဆိုင်သည့်စာချုပ်ဖြစ်ပြီး နှစ်နိုင်ငံ၏ ပြည်တွင်းနေပုဂ္ဂိုလ်များဖြစ်သော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများအပေါ် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း။

ထို့ပြင် အဆိုပါစာချုပ်တွင် နှစ်နိုင်ငံအခွန်ဌာနများကြား သတင်းအချက်အလက် ဖလှယ်နိုင်သည့် ပြဋ္ဌာန်းချက်ပါရှိသည့်အတွက် အခွန်တိမ်းရှောင်မှုများကို နှစ်နိုင်ငံ ပူးပေါင်းကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့်လည်းကောင်း၊ အခြားမိတ်ဖက်နိုင်ငံများဖြစ်ကြသည့် ယူနိုက်တက်ကင်းဒမ်း၊ တောင်ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်လည်းကောင်း စုစုပေါင်း နိုင်ငံ ရှစ်နိုင်ငံနှင့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်များ ချုပ်ဆိုထားပြီးဖြစ်၍ နှစ်နိုင်ငံအခွန်ဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား လက်မှတ်ရေးထိုးခဲ့သည့်ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၆)မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ သဘောတူစာချုပ်ကို အကျိုးသက်ရောက်စေရေး ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **န၀မအကြော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အာဆီယံဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအရ န၀မအကြော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးသဘောတူညီချက် အသက်ဝင်ရေးအတွက် အာဆီယံအဖွဲ့ဝင်မြန်မာနိုင်ငံအနေဖြင့် အတည်ပြုစာချွန်လွှာ (Instrument of Ratification) ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် န၀မအကြော့ ဆွေးနွေးညှိနှိုင်းမှုများအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ဖြေလျှော့ပေးရန်အဆိုပြုထားသည့် အာမခံနှင့် ယင်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကဏ္ဍ၊ ဘဏ်လုပ်ငန်းနှင့် အခြားသောငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ကဏ္ဍအောက်ရှိ ကဏ္ဍခွဲများတွင် ဖြေလျှော့ခွင့်ပြုရန် ကိစ္စများပါဝင်သည့် န၀မအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်ကို ၂၀၂၃ ခုနှစ် မတ်လ ၁၅ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၉ ရက်တွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအားလုံးက စုံညီစွာလက်မှတ်ရေးထိုးခဲ့ပါကြောင်း။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံနိုင်ငံများအားလုံး၏ အကျိုးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးထံမှ အတည်ပြုစာချွန်လွှာ (Instrument of Ratification) များ တရားဝင်ရရှိပြီးမှသာလျှင် အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်ကို အပြီးသတ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ လက်မှတ်ရေးထိုးထားပြီးဖြစ်သော ဖော်ပြပါသဘောတူညီချက် အသက်ဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှပြည်တွင်းလုပ်ငန်းစဉ်များဖြစ်သည့် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့သို့ တင်ပြဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုးပြီး သံတမန်လမ်းကြောင်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ အတည်ပြုစာချွန်လွှာ (Instrument of Ratification) ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၉၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) တို့ပါပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို အောက်တိုဘာ ၁၃ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြား

**မေး။** ။နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ရဲ့ မလေးရှားခရီးစဉ်ဟာ ကုန်းတွင်းပိုင်း အာဆီယံနိုင်ငံ လေးနိုင်ငံအပြီးမှာ ပထမဆုံး ပင်လယ်ပိုင်း အာဆီယံနိုင်ငံအဖြစ် သွားရောက်ခဲ့တဲ့ မလေးရှားခရီးစဉ်ရဲ့ ထူးခြားတဲ့ အောင်မြင်မှုတွေကို သိပါရစေ။

**ဖြေ။** ။ အခုခရီးစဉ်က နိုင်ငံတော်သမ္မတကြီးရဲ့ ကိုးနိုင်ငံမြောက် ခရီးစဉ်ဖြစ်ပါတယ်။ အာဆီယံထဲမှာဆိုရင် ငါးနိုင်ငံမြောက်ပါ။ ပင်လယ်ပိုင်းဆိုရင် မလေးရှားနိုင်ငံက ပထမဦးဆုံးနိုင်ငံ ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာ ဝန်ကြီးချုပ်နဲ့ တွေ့ခဲ့ပါတယ်။ နောက်တစ်ခါ High-level Business Forum၊ Business Dialogue ပွဲလုပ်ခဲ့ပါတယ်။ ထူးခြားတာက နှစ်ဖက်နိုင်ငံရဲ့ Think Tank တွေရဲ့ Business Cooperation Dialogue ပွဲ လုပ်ဖြစ်ခဲ့ပါတယ်။ ဒီနေရာမှာဆွေးနွေးခဲ့တဲ့အဓိကအကြောင်းအရာတွေက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေ ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခါ မလေးရှားနိုင်ငံမှာ အကျဉ်းကျနေပြီးတော့ ပြန်လည်လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံသားတွေ၊ အခက်အခဲအမျိုးမျိုးနဲ့ ကြုံနေရတဲ့ မြန်မာနိုင်ငံသားတွေ မြန်မာနိုင်ငံကို ပြန်ခေါ်ဖို့အတွက်ကို ဆွေးနွေးခဲ့ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံက လုပ်သားတွေ အကြမ်းဖျင်းအားဖြင့်တော့ official statistics အရ တစ်သိန်းခြောက်သောင်းကျော်ရှိတယ်လို့ သိရပါတယ်။ တရားမဝင်သွားရောက်ခဲ့တဲ့ အရေအတွက်လည်းရှိမှာပါ။ မြန်မာနိုင်ငံသားတွေ ဟိုမှာ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့၊ တရားဝင်နေထိုင်ခွင့်တွေရရှိဖို့၊ သူတို့ရဲ့ လုပ်သားအခွင့်အရေးတွေရရှိဖို့ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဒါကကျွန်မတို့ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေပါ။ နောက်တစ်ခါ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးနဲ့ အာဆီယံကိစ္စတွေလည်း ဆွေးနွေးခဲ့ပါတယ်။

ခုနက မေးခွန်းက ဘယ်ဟာကို အားရအကျေနပ်ဆုံးလဲဆိုပြီး မေးလိုက်တယ်။ အဲဒီတော့ အားရအကျေနပ်ဆုံးဆိုတဲ့ အနေအထားထက် ဒီခရီးစဉ်ကြီး တစ်ခုလုံးကို ခြုံပြီးပြောမယ်ဆိုရင် မလေးရှားနိုင်ငံရဲ့ ဝန်ကြီးချုပ်နဲ့ တွေ့တဲ့အချိန်မှာ ကျွန်မတို့နိုင်ငံက နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရအဖွဲ့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို အသိအမှတ်ပြုပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ချက်တွေကိုလည်း လုံးဝ appreciate လုပ်ပါတယ်။ ကျွန်မတို့နိုင်ငံသားတွေပြန်ခေါ်ဖို့ကိစ္စ၊ သူက ဘာပြောလဲဆိုတော့ ကျန်တဲ့နိုင်ငံတွေက ဒီလိုလူအများကြီးပြန်ခေါ်တယ်ဆိုတဲ့ ဖြစ်စဉ်မျိုး မရှိပါဘူး။ ကျွန်မတို့နိုင်ငံကသာလျှင် ကိုယ့်မြန်မာနိုင်ငံသားတွေကို လှိုက်လှိုက်လှဲလှဲနဲ့ ပြန်ခေါ်တယ်၊ အဲဒီအတွက်ကို ကျေးဇူးတင်ပါတယ်၊ appreciate လုပ်ပါတယ်ဆိုတဲ့ ကိစ္စတွေ ဒါတွေဟာ ကျွန်မတို့နိုင်ငံအတွက် ဝမ်းသာကျေနပ်စရာတွေပါ။

နောက်တစ်ချက်ကတော့ အာဆီယံနဲ့ပတ်သက်ပြီး အာဆီယံမှာ ကျွန်မတို့ မြန်မာနိုင်ငံက မရှိမဖြစ်ပါဝင်ဖို့ လိုအပ်ပါတယ်။ မလေးရှားနိုင်ငံအတွက် မြန်မာနိုင်ငံက အင်မတန်အရေးကြီးတဲ့နိုင်ငံ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီး ထိတွေ့မှုတွေယူမယ်၊ ပူးပေါင်းဆောင်ရွက်မှုတွေယူမယ်၊ ပိုပြီးတော့မှ ရင်းနှီးမှုချစ်ခင်မှုကို တည်ဆောက်သွားမယ်ဆိုတဲ့ ပြောကြားချက်တွေ press မှာလည်း ထုတ်ပြန်ပြီးသားပါ။ ဒါတွေက ဝမ်းသာကျေနပ်ဖို့ ကောင်းပါတယ်။ နောက်ဆုံး အချက်ကတော့ မလေးရှားနဲ့ မြန်မာ bilateral ရှေ့ဆက်ပြီးတော့ အနီးကပ်ဆုံး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး နှစ်ဖက်သဘောတူညီခဲ့တဲ့ ကိစ္စတွေက ကျွန်မတို့နိုင်ငံအတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။

**မေး။** ။ မလေးရှားနိုင်ငံကို သွားတဲ့အခါမှာ ဘယ်လို စိုးရိမ်စိတ်တွေ ရှိခဲ့လဲဆိုတာ သိပါရစေ။

**ဖြေ။** ။ ကျွန်မတို့ မလေးရှားနိုင်ငံ မသွားခင်၊ သွားမယ်လို့ပြင်ဆင်တဲ့အချိန်မှာ စိုးရိမ်ပူပန်စိတ်တော့မဟုတ်ဘူး။ Curious feeling လေးပါ။ ဘယ်လိုများ ကြုံတွေ့ရမလဲ၊ ဘာတွေ ဆွေးနွေးကြမလဲဆိုတဲ့ feeling လေး ရှိပါတယ်။ သို့သော်လည်း မလေးရှားနိုင်ငံကို ရောက်သွားတဲ့အချိန်က စပြီးတော့မှ မလေးရှားက တကယ့်ကို လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေးနဲ့ မိသားစုကို ကြိုဆိုတဲ့ပုံစံမျိုး ကြိုဆိုမှု၊ နောက်တစ်ခါ တကယ့်ခမ်းခမ်းနားနားကြိုဆိုမှုတွေ၊ အစိုးရအဖွဲ့ဝင်တွေတင် မဟုတ်ဘူး ကလေးတွေ၊ ပြည်သူတွေ ကြိုဆိုမှုတွေကလည်း ကျွန်မတို့ကို တကယ့်ကိုနွေးထွေးစေပါတယ်။




နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး ရှင်းလင်းဖြေကြားစဉ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မလေးရှားနဲ့ ကျွန်မတို့နိုင်ငံက အရင်တည်းက ချစ်ကြည်ရင်းနှီးမှုရှိပြီးသားပါ။ သို့သော်လည်း လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျွန်မတို့ရဲ့ ရင်းနှီးမှု ချစ်ကြည်မှုတွေ၊ ဆက်ဆံရေးတွေက အနည်းငယ် အေးစက်သွားခဲ့ပါတယ်။ အဲဒီတော့ ဒီတစ်ခေါက် ခရီးစဉ်က ဒီအေးစက်နေတဲ့ ဆက်ဆံရေးတွေက ပြန်ပြီးတော့ နွေးထွေးလာတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပြန်ပြီးတော့ ယုံကြည်မှုတွေ၊ နားလည်မှုတွေ တည်ဆောက်လာနိုင်တယ်။ ဒီခရီးစဉ်က ကျွန်မတို့အတွက် သံတမန်ရေးအရ၊ နိုင်ငံရေးအရ အောင်မြင်တဲ့ ခရီးစဉ်လို့ ပြောနိုင်ပါတယ်။ ကျွန်မတို့ Delegation အဖွဲ့ တစ်ဖွဲ့လုံးလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ပြန်လာကြတာဖြစ်ပါတယ်။

**မေး။** ။ လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲတိုးတက်မှုတွေအပေါ်မှာ မလေးရှားနိုင်ငံဘက်က ဘယ်လိုမြင်ပါသလဲ။ နိုင်ငံတော်သမ္မတကြီးကို ဖိတ်ကြားခြင်း မပြုသေးတဲ့ တခြားသော အာဆီယံနိုင်ငံတွေကရော ဘယ်လိုအမှန်အတိုင်း သိမြင်နားလည်လာနိုင်မလဲဆိုတာသိပါရစေ။

**ဖြေ။** ။ အခုခရီးစဉ်ကို သွားတဲ့အချိန်မှာ နိုင်ငံတော်သမ္မတကြီးနဲ့ မလေးရှားဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေးမှုတွေကနေတစ်ဆင့် ဘာသိလာရသလဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို သမ္မတကြီးက ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့တယ်၊ ချပြခဲ့တယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်သမ္မတကြီးရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေ အကုန်လုံးကို ဟိုဘက်က သိမြင်ခဲ့ပါတယ်။ အဲဒီအတွက်ကိုလည်း အသိအမှတ်ပြုပါတယ်။ ဒါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီးတော့ ကြိုးပမ်းဆောင်ရွက်မှုပါ။

နောက်တစ်ခုကတော့ ကျွန်မတို့ နိုင်ငံကနေ နေရပ်စွန့်ခွာသွားသူတွေရဲ့ ပြဿနာပါ။ ဒါနဲ့ ပတ်သက်လို့လည်း နိုင်ငံတော်သမ္မတကြီးက သမိုင်းကြောင်းနဲ့ချီပြီးတော့ Facts and figures ပြည့်ပြည့်စုံစုံနဲ့ အသေအချာကို ရှင်းပြခဲ့ပါတယ်။ ဒါကြောင့်လည်း မလေးရှားနိုင်ငံဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့တွေက နေရပ်စွန့်ခွာသူတွေနဲ့ ပတ်သက်ပြီးတော့ သေသေချာချာ နားလည်သွားပါတယ်။ လက်ခံသွားပါတယ်။ ဒါကလည်း ကျွန်မတို့နိုင်ငံအတွက် အကျိုးအမြတ်တစ်ခုလို့ ပြောနိုင်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်မတို့ကို ဖိတ်ကြားခြင်း မပြုသေးတဲ့ အာဆီယံနိုင်ငံတွေအတွက် ဘယ်လိုအထောက်အကူပြုသလဲဆိုတော့ အခု ဝန်ကြီးချုပ်နဲ့ ဆွေးနွေးစဉ်မှာပဲ Press release မှာ ဝန်ကြီးချုပ်က ပြောပါတယ်။ ကျွန်မတို့ အခုလို ဆက်ဆံတယ်၊ သမ္မတကြီးက အာဆီယံနိုင်ငံတွေကို သွားခဲ့တယ်၊ ထိတွေ့ဆက်ဆံမှုတွေ လုပ်ခဲ့တယ်။ အဲဒီတော့ တခြား အင်ဒိုနီးရှားနိုင်ငံနဲ့ ဘရူနိုင်းနိုင်ငံတွေကလည်းဖိတ်ဖို့ရှိပါတယ်ဆိုတဲ့ Information လေးကို Share လုပ်လိုက်ပါတယ်။

နောက်တစ်ခုကတော့ စောစောက ပြောတဲ့ ကုန်းတွင်းပိုင်းက အာဆီယံ လေးနိုင်ငံ၊ ဒီမှာလည်း ကျွန်မတို့နိုင်ငံရဲ့ သဘောထား ရပ်တည်ချက်၊ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြခဲ့တယ်။ အခုဟာက ပင်လယ်တွင်းကနိုင်ငံပါ၊ ဒီမှာလည်း ကျွန်မတို့ရဲ့ ရပ်တည်ချက်တွေ၊ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းတွေ၊ ကျွန်မတို့နိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေ ဒါတွေကို အကုန်လုံး ရှင်းပြခဲ့တဲ့အတွက် မလေးရှားခရီးစဉ်ကနေတစ်ဆင့် ဒီ Information သည် ကျန်တဲ့နိုင်ငံတွေဆီလည်း ပျံ့နှံ့သွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံရဲ့ မြေပြင်လက်တွေ့အခြေအနေမှန်ကို ကျွန်မတို့ကို မဖိတ်ကြားရသေးတဲ့၊ ကျွန်မတို့ နိုင်ငံအပေါ်မှာ အမြင်တစ်မျိုးဖြစ်နေတဲ့ အာဆီယံနိုင်ငံတွေကလည်း ဒါကို ရှင်းရှင်းလင်းလင်း သိမြင်သွားဖို့ အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

**မေး။** ။ နိုင်ငံတော်သမ္မတကြီးရဲ့ မလေးရှားခရီးစဉ်အတွင်းမှာ စီးပွားရေး Forum ကျင်းပတာလည်း တွေ့ရပါတယ်။ ဒီစီးပွားရေး Forum မှာ မြန်မာနဲ့ မလေးရှားကြားမှာ ဘယ်လို သဘောတူညီမှုတွေ ရရှိခဲ့တယ်ဆိုတာ သိပါရစေ။

**ဖြေ။** ။ စီးပွားရေး Forum ဆိုတာထက် High-level Business Dialogue လုပ်ခဲ့ပါတယ်။ အဓိက ဆွေးနွေးခဲ့တာကတော့ အရောင်းအဝယ်လုပ်မယ့်ကိစ္စထက် ကျွန်မတို့ ပူးပေါင်းဆောင်ရွက်မယ်၊ ကုန်သွယ်မှုကိုတိုးမြှင့်မယ်၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မယ်၊ ပြီးရင်တော့ value-added products တွေကို ထုတ်တဲ့နေရာမှာ ပူးပေါင်းပြီး ဆောင်ရွက်မယ်။ တစ်နည်းအားဖြင့် ပြောရင်တော့ မလေးရှားနိုင်ငံရဲ့ လိုအပ်ချက်၊ ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်ကို အပြန်အလှန် ဖြည့်ဆည်းပေးမယ့် လုပ်ငန်းစဉ်တစ်ခု၊ mechanism တစ်ခုကို ထူထောင်ဖို့အတွက်ကို သဘောတူညီခဲ့ပါတယ်။ ဒ့ါအပြင် မလေးရှားက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးတဲ့အခါမှာ သူတို့ဘက်က စိတ်ဝင်စားမှုရှိတယ်။ အထူးသဖြင့် logistics နဲ့ ဆိပ်ကမ်းလုပ်ငန်းတွေ၊ သံနဲ့သံမဏိ downstream industry ထူထောင်ဖို့ကိစ္စတွေကို စိတ်ဝင်စားတယ်။ နောက်တစ်ခါ ဆီအုန်းကလည်း တကယ်အရေးကြီးပါတယ်၊ မလေးရှားက အောင်မြင်နေတဲ့ လုပ်ငန်းရှင်တွေက မြန်မာနိုင်ငံမှာ ဆီအုန်းနဲ့ပတ်သက်လို့ စိုက်ပျိုးဖို့၊ refinery စက်ရုံတည်ဆောက်ဖို့ ဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း စိတ်ဝင်စားကြောင်း၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီစီးပွားရေး Forum ကြီး တစ်ခုလုံးရဲ့ အဓိကအချက်ကတော့ ကျွန်မတို့ အရောင်းအဝယ်လုပ်ဖို့ မဟုတ်ဘူး၊ ကျွန်မတို့ကလည်း ဈေးရောင်းတဲ့လူနဲ့တွေ့ဆုံမှာ မဟုတ်ပါဘူး၊ တကယ်ထုတ်လုပ်တဲ့လူနဲ့ ကျွန်မတို့နဲ့ တိုက်ရိုက်တွေ့ဆုံမယ်၊ ဆွေးနွေးမယ်၊ ညှိနှိုင်းမယ်၊ ဘာတွေပူးပေါင်းဆောင်ရွက်နိုင်မလဲ၊ အဓိကကတော့ ကျွန်မတို့ long-term သွားဖို့အတွက်ကို ရည်မှန်းပြီးတော့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ သဘောတူညီမှုတွေ ရယူခဲ့တာ ဖြစ်ပါတယ်။

**မေး။** ။ ခရီးစဉ်အတွင်းမှာ Think Tank Cooperation Dialogue တစ်ခု လုပ်သွားတာလည်း တွေ့ရပါတယ်။ အဲဒီမှာ ဆွေးနွေးခဲ့မှုတွေနဲ့ ဆွေးနွေးချက်တွေကို ရလဒ်အဖြစ် ဘယ်လို ပြောင်းလဲနိုင်မလဲဆိုတာ သိပါရစေ။

**ဖြေ။** ။ မလေးရှားနိုင်ငံ ခရီးစဉ်ရဲ့ ထူးခြားချက်က နှစ်ဖက်နိုင်ငံက Think Tank တွေ Cooperation Dialogue လုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲမှာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ခဲ့သလို မလေးရှားနိုင်ငံဘက်ကလည်း ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာ အဓိကဆွေးနွေးတာကတော့ ကျွန်မတို့ Cooperation အထူးသဖြင့်တော့ Business Cooperation ကို ကျွန်မတို့ ဘယ်လိုပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမလဲ၊ နောက်တစ်ခါ တစ်နိုင်ငံရဲ့ ရပ်တည်ချက်ကို တစ်နိုင်ငံက ဘယ်လိုထောက်ခံမလဲ၊ တစ်နိုင်ငံရဲ့ လိုအပ်ချက်ကို ကျွန်မတို့ တစ်နိုင်ငံက ဘယ်လိုဖြည့်ဆည်းပေးမလဲ၊ ဒီလိုလုပ်ငန်းစဉ်တွေကို အဓိကထားဆွေးနွေးခဲ့ပါတယ်။ ဒါကပညာရှင် point of view ကနေ ဆွေးနွေးခဲ့တာပါ။ အဲဒီလို ဆွေးနွေးခဲ့တဲ့အခါမှာလည်း ကျွန်မတို့ ဦးစားပေးကတော့ G to G ဘာလုပ်မလဲ၊ ပြီးရင် B to B ဘာလုပ်မလဲ၊ ပြီးရင် People to People ဘယ်လိုသွားမလဲ၊ Think Tank to Think Tank ဘယ်လို ကျွန်မတို့ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ကြမလဲဆိုတဲ့အချက်အလက်တွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ကျွန်မတို့ အစိုးရအနေနဲ့ နှစ်ဖက်ပညာရှင်တွေရဲ့ အကြံပြုချက်တွေကို ကျွန်မတို့က ဆန်းစစ်ပါမယ်၊ လေ့လာပါမယ်၊ ပြီးရင် ဒါတွေကို ဆောင်ရွက်ဖို့ လိုအပ်တဲ့ကိစ္စတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါက အစိုးရအပိုင်းပါ။ Business အပိုင်းမှာကျတော့ ဒါက အခု လုပ်ငန်းစဉ်အစပျိုးမှုပါ။ ဒီလုပ်ငန်းစဉ်ကနေမှ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လုပ်သွားမယ်၊ Forum တွေ တစ်ဆင့်ပြီးတစ်ဆင့် တိုးပြီးတော့ လုပ်သွားမယ်၊ ဒီလုပ်ငန်းစဉ်က ဒီပွဲမှာပဲ ဆွေးနွေးတယ် ရပ်သွားရမယ့် အနေအထားမျိုး မဟုတ်ဘဲ ဒါက ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်ရဲ့ First Step အစခြေလှမ်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နှစ်နိုင်ငံ Bilateral ဘယ်လို ပူးပေါင်းဆောင်ရွက်သွားမလဲဆိုတဲ့ လုပ်ငန်းစဉ်တွေကို ဒီမှာ အသေးစိတ်ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

**မေး။** ။ နိုင်ငံတော်သမ္မတကြီးရဲ့ မလေးရှားနိုင်ငံ ခရီးစဉ်အတွင်းမှာ မလေးရှားကို ရောက်ရှိနေတဲ့ မြန်မာလုပ်သားတွေနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့တယ်လို့လည်း သိရပါတယ်။ အဲဒီ ဆွေးနွေးမှုတွေမှာ ဘာတွေကို အဓိကထားပြီး ဆွေးနွေးခဲ့ပါသလဲဆိုတာ သိပါရစေ။

**ဖြေ။** ။ ကျွန်မတို့ မြန်မာနိုင်ငံသား လုပ်သားတွေနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့တာ ရှိပါတယ်။ အဲဒါတော့ အဓိက နှစ်ပိုင်းပါ။ ပထမတစ်ခုကတော့ လက်ရှိ အလုပ်လုပ်နေတဲ့ ကျွန်မတို့ နိုင်ငံသားတွေ၊ လုပ်သားတွေ၊ အဲဒီမှာက တရားဝင်လည်း ရှိနိုင်ပါတယ်၊ တရားမဝင်လည်း ရှိနိုင်ပါတယ်။ ဒီလုပ်သားတွေရဲ့ လုပ်သားအခွင့်အရေးတွေ ရရှိဖို့၊ နောက်တစ်ခါ လူမှုဖူလုံရေးကဏ္ဍ၊ သူတို့အလုပ်အကိုင် လုပ်ငန်းခွင်ထဲမှာ decent ဖြစ်တဲ့ အလုပ်တွေရရှိဖို့၊ တရားဝင်ရပ်တည်ဖို့ ဒါတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးက မလေးရှားဘက်ကို မေတ္တာရပ်ခံခဲ့တာရှိပါတယ်။ ဒါကလက်ရှိ အလုပ်လုပ်နေတဲ့ သူတွေအပိုင်းပါ။

နောက်တစ်ပိုင်းကတော့ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံပြီးတော့ ထိန်းသိမ်းရေးစခန်းတွေမှာ ရောက်ရှိနေတဲ့ ကျွန်မတို့ မြန်မာနိုင်ငံသားတွေ ပြန်ခေါ်ဖို့ကိစ္စပါ။ ဒါလည်း ကျွန်မတို့ အစဉ်အဆက် ဆောင်ရွက်ခဲ့တာပါ။ ၂၀၂၆ ခုနှစ် ဩဂုတ်လကုန်အထိ အားလုံး ၈၀၀၀ ကျော် ပြန်ပြီးတော့ ခေါ်ပြီးပါပြီ။ ပြီးခဲ့တဲ့ မကြာခင်ကာလကလည်း သတင်းထဲမှာ တွေ့မှာပါ၊ ကျွန်မတို့ တပ်မတော်(ရေ)က သင်္ဘော သုံးစီးနဲ့ ၁၄၇၆ ဦး ကျွန်မတို့သွားပြီးတော့ ခေါ်ခဲ့ပါပြီ။ ကျွန်မတို့ မြန်မာနိုင်ငံသားတွေ စိစစ်ပြီးတော့ ဟိုဘက်မှာ ခေါ်ဖို့ကျန်တဲ့လူ အခုလက်ရှိအချိန်ထိ စာရင်း ၃၀၀၀ ကျော် ရှိပါသေးတယ်။ ဒါကိုလည်း နိုင်ငံတော်သမ္မတကြီးက အခုလို ရာသီဥတုကောင်းမွန်နေတဲ့အချိန်မှာပဲ အမြန်ဆုံး ပြန်လည်ခေါ်ဆောင်သွားမယ်ဆိုပြီး ဆွေးနွေးခဲ့တာရှိပါတယ်။ တကယ်တော့ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးရဲ့ ကိုယ့်နိုင်ငံသားတွေအပေါ်မှာထားရှိတဲ့ မေတ္တာစေတနာ တစ်နည်းအားဖြင့် မိဘက သားသမီးအပေါ်မှာထားတဲ့ မေတ္တာနဲ့ ဆောင်ရွက်ပေးတဲ့ လုပ်ငန်းစဉ်တွေလို့ မှတ်ယူလို့ရပါတယ်။

သတင်းအဖွဲ့

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် သီတင်းကျွတ်လပြည့်ည ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပမည်



ယခင်နှစ်က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဆီမီးထွန်းညှိပူဇော်နေသည်ကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် သီတင်းကျွတ်လပြည့်ည ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပက အဖွဲ့ဝင် ဦးသိန်းစုက ပြောပြ၍ သိရသည်။

သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၆ ရက်) နံနက် ၅ နာရီ မိနစ် ၃၀ တွင် စေတီတော်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်များကို ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် အရုဏ်ဆွမ်းကပ်လှူမည်ဖြစ်ပြီး နံနက် ၇ နာရီမှစတင်ကာ နန်းဦးတန်ဆောင်း၌ အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မနက်ပိုင်းမှာက အရုဏ်ဆွမ်းကပ်မှာပါ။ ညနေပိုင်းကစပြီးတော့ ဆီမီးပူဇော်ပွဲလုပ်မယ်။ ညနေ ၅ နာရီခွဲမှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ဘုရားဝင်းထဲက တိုးချဲ့ဓမ္မရင်ပြင်မှာ လုပ်မှာပါ" ဟု ဦးသိန်းစုက ပြောပြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် တိုးချဲ့ဓမ္မရင်ပြင်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်သည့်အတွက် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ကုသိုလ်ပြုပါဝင်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ ASH

# G.I.Joe ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဘရက်ဒလေကူးပါး ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၈**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ G.I.Joe ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဘရက်ဒလေကူးပါး ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ G.I.Joe ဇာတ်ကားသစ်တွင် မင်းသား ဘရက်ဒလေကူးပါးသည် Duke ဇာတ်ကောင်နေရာ၌ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ G.I.Joe ရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ G.I.Joe ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒန်နီမက်ဘရစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ဖရက်ဒလေ၊ ဂျွန်ကာစီရီတို့က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် G.I.Joe ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Paramount ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

G.I.Joe ဇာတ်ကားသစ် စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် နော်ဖောအယ်ထားက ငွေကျပ် သိန်း ၅၀ လာရောက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၈**

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် နော်ဖောအယ်ထားက အောက်တိုဘာ ၇ ရက်က ငွေကျပ် သိန်း ၅၀ လာရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီးပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါမယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ အောက်တိုဘာ ၇ ရက်က သရုပ်ဆောင် နော်ဖောအယ်ထားက အလှူငွေကျပ် သိန်း ၅၀ လာရောက် လှူဒါန်းခဲ့ပါတယ်။ ဒီနှစ်ကတော့ ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ဝဇီရာကဇာတ်ရုံမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အရင်နှစ်တွေကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရွှေရတုခန်းမမှာ ကျင်းပခဲ့ပါတယ်။ နေရာအခက်အခဲကြောင့် သက်ကြီးရုပ်ရှင်မိဘတွေအားလုံးကို မဖိတ်ကြားနိုင်ခဲ့ပါဘူး။ ဒီနှစ်ကတော့ ကျန်းမာရေးအရ မတက်ရောက်နိုင်သူတွေကလွဲရင် တက်ရောက်နိုင်တဲ့သူတွေ အားလုံးကို ဖိတ်ကြားသွားမှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြ၍ သိရသည်။ ASH




# Miami Vice 85 ဇာတ်ကား၌ မင်းသား ဝေါတန်ဂေါ့ဂျင်း ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၈**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Miami Vice 85 ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဝေါတန်ဂေါ့ဂျင်း ပါဝင်လာကြောင်း အောက်တိုဘာ ၇ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဝေါတန်ဂေါ့ဂျင်းသည် အဓိက ဗီလိန်ဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဝေါတန်ဂေါ့ဂျင်းသည် Miami Vice 85 ဇာတ်ကား၌ မင်းသား မိုက်ကယ်ဘီဂျော်ဒန်၊ အော်စတင်ဘတ္တလာတို့နှင့်အတူသရုပ်ဆောင်ရမည်ဖြစ်သည်။

Miami Vice 85 ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ် မိုင်ယာမီမြို့တော်ကို နောက်ခံထား၍ ရိုက်ကူးမည့် မှုခင်းအက်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဂျီရှိုင်းက တာဝန်ယူရေးသားပေးထားသည်။

Miami Vice 85 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို ယခုနှစ်အတွင်း စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# ကိုယ်ပွားချစ်သူ ရုပ်သံဇာတ်လမ်းကို CANAL+ ZAT LENN Channel မှ အောက်တိုဘာ ၁၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် အောက်တိုဘာ ၈**

ကိုယ်ပွားချစ်သူ ရုပ်သံဇာတ်လမ်းကို CANAL+ ZAT LENN Channel မှ အောက်တိုဘာ ၁၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ပြည့်ဖြိုးဟန်ထံမှ သိရသည်။

အဆိုပါ ကိုယ်ပွားချစ်သူ ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရွှေပြည့်က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးဟန်က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်က ပျောက်ဆုံးသွားတဲ့ချစ်သူဝင်စားတာဆိုပြီး ရုတ်တရက် ကောင်မကလေး တစ်ယောက် နေညိုရှေ့ကို ရောက်လာခဲ့ပါတယ်။ အဲဒီကောင်မကလေးက တကယ်ပဲ နေညိုရဲ့ချစ်သူ ဖြစ်နိုင်ပါ့မလား ဆိုတာ ကိုယ်ပွားချစ်သူရုပ်သံဇာတ်လမ်းကို CANAL+ ZAT LENN Channel က ထုတ်လွှင့်တဲ့အခါ စောင့်မျှော် ကြည့်ရှုကြပါအုံး"ဟု ဒါရိုက်တာ ပြည့်ဖြိုးဟန်က ပြောပြသည်။

အဆိုပါ ကိုယ်ပွားချစ်သူရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် နကွတ်၊ ဟိန်းရတု၊ ခန့်ဇော်မိုင်း၊ ပိုးကြာဖြူခင်၊ ဂရိတ်ချမ်း၊ ခင်သန်းနွယ်၊ ကလေးသရုပ်ဆောင် ရွှန်းရွှန်းနှင့် သရုပ်ဆောင်ပေါင်းများစွာပါဝင်ထားပြီး တစ်ပိုင်းတည်းအပြီးအဖြစ် CANAL+ ZAT LENN Channel မှ အောက်တိုဘာ ၁၁ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Malaysian Prime Minister Dato' Seri Anwar bin Ibrahim honors, welcomes, and holds talks with U Min Aung Hlaing, President of the Republic of the Union of Myanmar, who is on an official visit to Malaysia




**President U Min Aung Hlaing and Malaysian Prime Minister Dato' Seri Anwar bin Ibrahim receive the salute of the Guard of Honour.**

**Nay Pyi Taw October 8**

Malaysian Prime Minister Dato' Seri Anwar bin Ibrahim, accorded a warm welcome to Republic of the Union of Myanmar U Min Aung Hlaing, who was on an Official Visit to Malaysia at the invitation of the Malaysian Prime Minister, with a Guard of Honour at his office in Kuala Lumpur this morning. Later, the President of Myanmar and the Malaysian Prime Minister held talks.

On arrival at the Prime Minister's Office, President U Min Aung Hlaing was warmly welcomed by Malaysian Prime Minister Dato' Seri Anwar bin Ibrahi.

The President and the Prime Minister took up positions on the reviewing stand and received the salute of the Guard of Honour that played the national anthems of the two countries.

The President inspected the Guard of Honour that played the national anthems of the two countries and saluted the two heads of state.

Subsequently, the two heads of state introduced the senior officials from their respective countries who were in attendance to each other.

The heads of state posed for documentary photos at the Prime Minister's Office with Malaysia's landmark Putra Mosque in the background.

The President signed the visitor's book of the Prime Minister's Office.

Afterward, the President and the Prime Minister held an exclusive meeting, and cordially exchanged views on the global political trends and Myanmar's political developments, cooperation in defence and security sectors between the two countries, cooperation in the interest of the nations and the citizens, and elimination of online gambling and scam, trafficking in persons, illicit drugs trafficking and cross-border crimes.

After the meeting, the President and the Prime Minister exchanged cordial greetings. MNA

**President U Min Aung Hlaing shakes hands with Malaysian Prime Minister Dato' Seri Anwar bin Ibrahim.**



# Pro-Palestinian protesters rally at U.S. universities to mark 3 years of Gaza war

**Los Angeles October 8**

U.S. universities on Wednesday saw pro-Palestinian protesters gather at campus gates for demonstrations marking three years since the war in Gaza began.

Dozens of protesters gathered Wednesday at the University of California, Los Angeles (UCLA), chanting slogans including "Stop the genocide" and "Free Palestine."

Organized by Students for Justice in Palestine (SJP), the demonstration featured banners reading "Gaza will rise" and placards bearing the message "We will honor all our martyrs."

Verbal altercations broke out between some demonstrators and pro-Israel counterprotesters.

"We're here protesting to commemorate and honor the resistance of the Palestinian people on Oct. 7," a student protester told Xinhua, saying the anniversary marked "three years of escalated genocide in Palestine."

The student, who requested anonymity, said the SJP wanted UCLA to divest, or withdraw investments, from Israeli companies and weapons manufacturers.

"That's why we want our university to cut all ties to Israel and stop profiting off of the genocide," the student said, adding that the SJP also demanded an end to campus policing and surveillance, and disclosure of the university's ties with Israel.

Outside California, pro-Palestinian protests also erupted in several cities across the United States.

In Seattle, dozens of demonstrators marched through the Capitol Hill neighborhood and onto the Seattle Central College campus Wednesday afternoon, reports said.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bilateral talks between Republic of Union of Myanmar and Malaysia, press conference held



President U Min Aung Hlaing and Malaysian Prime Minister Dato' Seri Anwar bin Ibrahim attend bilateral talks between Republic of Union of Myanmar and Malaysia.

**Nay Pyi Taw October 8**

Bilateral talks between the Republic of the Union of Myanmar and Malaysia were held at Malaysian Prime Minister's Office in Kuala Lumpur this morning.

Present at the talks together with President of the Republic of the Union of Myanmar U Min Aung Hlaing and Prime Minister of Malaysia Dato' Seri Anwar bin Ibrahim were union ministers U Khin Maung Yi, U Tin Maung Swe, U Min Naung, U Myint Kyaing, U Maung Myint and U Tun Ohn, Chief Minister of Rakhine State U Naing Oo, Chief Minister of Ayeyarwady Region U Aye Kyaw, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers and officials, Myanmar Ambassador to Malaysia U Aung Kyaw Moe, Myanmar Military Attaché (Army, Navy and Air) to Malaysia Brig-Gen Nyi Nyi Oo and officials and senior officials and officials from the Malaysian government.

During the talks, the Malaysian Prime Minister said members of the high-level Myanmar delegation led by President of the Republic of the Union of Myanmar were warmly welcomed. The two countries had a history of long good relations. Although the two countries had became a little distant in relations later, they were important friendly nations like neighbors. Myanmar was an important country for the ASEAN. Malaysia always placed emphasis on maintaining good diplomatic relations with Myanmar.

Then two leaders had met before in Thailand and the People's Republic of China and the engagement further consolidated the friendship. Then, he expressed his thanks to the Myanmar delegation for accepting his invitation to further strengthen existing friendship and to boost cooperation and engagement for bilateral interests.

Then, he first started discussions by expressing his thanks for cooperation rescue and repatriation of Myanmar nationals who arrived in Malaysia and faced hardships due to various reasons.

Then, the President responded to the discussions by expressing his thanks for warm welcome on arrival of the Myanmar delegation in Kuala Lumpur. He said it was his fifth visit to an ASEAN country since taking office and expressed his pleasure to meet and hold talks with the prime minister.

He said during his visit, he had a chance to see pleasantness and activities of modern and systematic Kuala Lumpur by himself. He said he saw dramatic changes in Malaysia since last visit. He praised the efforts of Malaysia.

He said he was proud of Malaysia for its membership in the BRICS since January, 2025. He believed that existing friendship would be further strengthened and cooperation could be boosted through today's discussions. As the two countries established diplomatic relations in 1958 and the relations were more than 68 years old, their 70th anniversary will take place in 2028 and he proposed preparations for the significant event. The two countries had friendly relations along the history. Although the two countries were not immediate neighbors, both had undergone colonialism and were Southeast Asia peninsula countries and maintained close relations. The two countries were also partners and cooperated as members of the ASEAN.

He said he would like to inform that the government of Myanmar was willing to strengthen friendship and boost cooperation with Malaysia. As Myanmar established an embassy in Kuala Lumpur, it placed emphasis on offering help in the interests of its nationals.



President U Min Aung Hlaing and Malaysian Prime Minister Dato' Seri Anwar bin Ibrahim hold a press conference.

He stated that a free and fair general election for Myanmar citizens was successfully conducted in Myanmar between December 2025 and February 2026. He noted that parliamentary sessions with elected representatives are being held regularly, with the third session currently underway, during which legislative matters and discussions in the public interest are being actively carried out in accordance with democratic norms. He added that Myanmar remains firmly committed to consolidating a multi-party democratic system and building a Union based on democracy and federalism.

He also stated that agreements and memorandums of understanding have already been signed between the two countries in various fields, including air transport, trade, economics, science and technology, culture, investment protection, the avoidance of double taxation, and mutual legal assistance in criminal matters. Building upon these existing agreements, he expressed the desire to continue exploring further fields to expand practical cooperation between the two nations.

Regarding economic cooperation, he stated that total bilateral trade between the two countries reached over USD 1.6 billion in the past year, with Malaysia ranking as Myanmar's 4th largest trading partner and 9th among 48 investing countries and regions. He expressed the desire to collaborate on holding joint business forums, B2B matchmaking events, business and trade knowledge-sharing seminars, joint research projects, and sharing experiences for Micro, Small, and Medium Enterprises (MSMEs) to access international markets, while also expressing interest in participating in trade fairs held in Malaysia. Furthermore, he noted the intention to cooperate on digital trade and online platform enhancement initiatives (E-commerce and Digital Promotion Platforms) between the two nations. He emphasized that as Myanmar prioritizes inviting foreign investments to meet the requirements for national development and state-building, he would like to invite increased investment from Malaysia.

He then stated that during yesterday's economic discussion, they deliberated on enhancing trade and investment, as well as fostering cooperation in agriculture and value-added production, alongside discussing investment opportunities in Special Economic Zones (SEZs), Micro, Small, and Medium Enterprises (MSMEs), and the financial sector.

Myanmar is an agriculture-based country, and we will continuously work toward the development of agro-based industrial sectors. Given Malaysia's extensive experience in research, we wish to collaborate in the fields of agricultural and livestock research.

Regarding educational cooperation, I would like to further discuss this matter. Our country's West Yangon Technological University and the University of Information Technology have each signed MoUs with Malaysia's Multimedia University and are currently carrying out academic and research cooperation.

We believe that cooperation in the science and technology sectors can be further enhanced. In particular, we wish to expand student exchange programs, joint thesis supervision,

*See Page 15*

# President U Min Aung Hlaing and Malaysian Prime Minister Dato' Seri Anwar bin Ibrahim deliver speeches at Malaysia-Myanmar Cooperation Dialogue



**President U Min Aung Hlaing and Malaysian Prime Minister Dato' Seri Anwar bin Ibrahim deliver speeches at Malaysia-Myanmar Cooperation Dialogue.**

**Nay Pyi Taw October 8**

The Malaysia-Myanmar Cooperation Dialogue took place at the Residence of the Malaysian Prime Minister today with the aim of enhancing cooperation between the Republic of the Union of Myanmar and Malaysia.

The dialogue was attended by President of the Republic of the Union of Myanmar U Min Aung Hlaing, Malaysian Prime Minister Dato' Seri Anwar bin Ibrahim, officials from both governments, Executive Chair Datuk Prof Dr Mohd Faiz Abdullah and officials from ISIS Malaysia, Chair of MISIS U Thant Kyaw and officials, representatives from private sector, media and economci sectors.

The President and the Malaysian Prime Minister were warmly welcomed by officials from both governments, cultural troupes and students.

The dialogue then proceeded, with the Executive Chairman of the Institute of Strategic and International Studies Malaysia (ISIS Malaysia) and the Chairman of the Myanmar Institute of Strategic and International Studies (MISIS) discussing and presenting an overview of the first session, including discussions on geopolitical developments, security cooperation and investment opportunities, as well as the outcomes of the dialogue held this morning and matters to be followed up.

In his speech, the Malaysian Prime Minister said that the successful convening of the Myanmar-Myanmar Cooperation Dialogue provided practical opportunities to further enhance multifaceted and multisectoral cooperation between the two countries. He noted that through discussions between the Institute of Strategic and International Studies Malaysia (ISIS Malaysia) and the Myanmar Institute of Strategic and International Studies (MISIS), cooperation across various fields could be reviewed, reaffirmed and implemented. He added that the two leaders had also held discussions this morning on further enhancing cooperation, friendship and interactions between the two countries, achieving many positive outcomes. He said that, in addition to those discussions, further exchanges with think tanks such as those participating in the dialogue would greatly contribute to strengthening bilateral cooperation and help create many new opportunities.

He said that, more importantly, the dialogue would also provide an opportunity to enhance people-to-people contacts and interactions between the two countries. He also expressed his sincere appreciation to the President for accepting his invitation to visit Malaysia.

The President of Myanmar delivered a speech. He was pleased that today's Myanmar-Myanmar Cooperation Dialogue brought together representatives from government organizations, the private sector, academia, research institutions and think tanks in one place to discuss the future of cooperation between the two countries from diverse perspectives. He said that **the main objective of today's meeting was not only to review the existing relations but also to further strengthen mutual understanding and trust between Myanmar and Malaysia, as well as to exchange views on how the two countries could jointly build bilateral engagement at a higher level.**

He said that, in today's global context, relations between countries could no longer be built solely through formal government-to-government relations. In addition to government-to-government relations, interactions among scholars, businesspeople, research institutions and think tanks had also become an important component. He noted that dialogues such as today's event represented a Track II, non-governmental channel that could provide policymakers with important perspectives and recommendations. He added that Myanmar and Malaysia are members of the ASEAN family and have maintained bilateral relations for many years based on mutual respect, friendship and cooperation.

He said that there was considerable potential for cooperation between Myanmar and Malaysia in areas such as value-added production from agricultural and marine products, rubber and other raw materials; cold storage and logistics infrastructure; energy and renewable energy; as well as finance, digital payments and remittances.

He said that the current global system was changing not only as a result of competition among major powers but also evolving into a form of geo-economic competition. In other words, he noted that **geopolitics and geoeconomics** had become increasingly interconnected in the present era. In this context, he said that Myanmar and Malaysia could be viewed not only as two Southeast Asian countries but also as **strategic partners capable of connecting the Indian Ocean with the economic hub of ASEAN.**

He said that, **rather than merely accepting geographical location as fortune, the two countries should leverage their geographical advantages by building connectivity, developing infrastructure, promoting trade and investment, enhancing human resources, and ultimately linking these efforts to the interests of the peoples of both countries.** He noted that only through such efforts could geographical advantages be transformed into economic and development advantages. He added that achieving this would require not only the efforts of governments but also the participation of think tanks, scholars, businesspeople, the private sector and communities as a whole.

He said that one of the most important aspects of today's dialogue was **to foster stronger cooperation between think tanks.** In this regard, he encouraged closer cooperation between the Myanmar Institute of Strategic and International Studies (MISIS) and the Institute of Strategic and International Studies Malaysia (ISIS Malaysia). He noted that such cooperation would provide opportunities for the two sides to engage in open and candid discussions on differing perspectives and to further identify areas of shared interests between the two countries.

He said that the future Myanmar-Malaysia relationship should be envisioned as a **"Next Level of Bilateral Engagement,"** which should not be limited to further strengthening government-to-government relations but should also involve simultaneously building stronger ties among governments, the private sector, business communities, scholars, think tanks and the peoples of the two countries. He noted that, in particular, practical areas of cooperation should be developed to promote bilateral trade and investment, energy and food security, supply chains and connectivity, the digital economy, human resource development and people-to-people relations.

He expressed his hope that today's dialogue would not end at the discussion stage but would serve as a **starting point for further discussions, joint research, and stronger government-to-government, business-to-business and think tank-to-think tank relations.** He said that all sides should continue working together to translate the views and recommendations exchanged today into practical cooperation. He noted that greater mutual understanding, connectivity and cooperation between Myanmar and Malaysia would bring long-term benefits not only to the two governments but also to the peoples of both countries. He expressed his sincere appreciation to all partner organizations, think tanks, scholars and representatives from Malaysia for taking the time to participate in today's dialogue and exchange views. He concluded by expressing his best wishes for the continued strengthening of friendship and cooperation between Myanmar and Malaysia.

After the meeting, the President and the Malaysian Prime Minister cordially greeted the attendees.

**Having honorary luncheon together**

The Malaysian Prime Minister hosted a luncheon in honour of the high-level Myanmar delegation led by the President.

Upon their arrival at the luncheon reception, the President and the Prime Minister of Malaysia were welcomed with cultural performances by cultural troupes. The President and the Malaysian Prime Minister then attended the luncheon reception and enjoyed the meal together with the guests.

During the luncheon, cultural troupes from Malaysia performed songs of both countries, and traditional dances.

After the luncheon, the two Heads of State cordially greeted the cultural troupe members and posed for documentary photos.

As the President departed from the luncheon reception, the Malaysian Prime Minister warmly accompanied him and saw him off. Students also bid farewell by waving the flags of the two countries. MNA

# High-level Myanmar delegation led by President U Min Aung Hlaing arrives back Myanmar from Malaysia



President U Min Aung Hlaing being seen off at Kuala Lumpur International Airport.



President U Min Aung Hlaing being welcomed back at Nay Pyi Taw Airport.

**Nay Pyi Taw October 8**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing, after paying an Official Visit to Malaysia at the invitation of Malaysian Prime Minister Dato' Seri Anwar bin Ibrahim, left Kuala Lumpur International Airport by a special flight for Myanmar this afternoon.

The President and his delegation were warmly seen off at the airport by officials of the Malaysian government led by Mr. Datuk Seri Johari Abdul Ghani, Minister of Investment, Trade and Industry of Malaysia, Myanmar Ambassador to Malaysia U Aung Kyaw Moe, Myanmar Military Attache (Army, Navy and Air) Brig-Gen Nyi Nyi Oo, and officials.

Meanwhile, the Guard of Honour lined up on both sides of the red carpet saluted the President.

Members of the delegation, union ministers U Khin Maung Yi, U Tin Maung Swe, U Min Naung, U Myint Kyaing, U Maung Myint, U Tun Ohn, Rakhine State Chief Minister U Naing Oo, Ayeyawady Region Chief Minister U Aye Kyaw, senior military officers from the Office of the Commander-in-Chief, deputy ministers and officials also left the airport on the same flight.

During the visit, the President of Myanmar held bilateral talks with the Prime Minister of Malaysia, met the press, and organized a dialogue on cooperation. The President held cordial discussion and exchanged views on further consolidation of the existing friendly relations and interactions between the two countries, promotion of investment and economic cooperation, enhancement of bilateral cooperation in multiple fields and sectors.

President U Min Aung Hlaing and his delegation arrived back in Nay Pyi Taw Airport in the evening and were warmly welcomed there by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Command commander, and officials of the Malaysian embassy and military attaché office to Myanmar. MNA

---

*From Page 13*

and collaborative research among technological, computer, and polytechnic universities. Furthermore, I would like to encourage the joint organization of workshops and seminars to collectively elevate the research and educational standards of both nations.

In the healthcare sector as well, there are numerous opportunities for bilateral cooperation between Myanmar and Malaysia. Just as many Myanmar doctors have worked in Malaysia, many Myanmar citizens also choose to seek medical treatment in Malaysia due to its high medical standards and affordable costs. Therefore, Myanmar and Malaysia have potential for commercial cooperation in areas such as hospital and clinic operations, pharmaceutical manufacturing, medical supplies, health technology, and skills development.

Myanmar systematically conserves its natural resources, harmonizing economic development with environmental preservation. As our two nations are geographically proximate and fellow ASEAN member states, significant potential exists to enhance tourism and people-to-people interactions.

Taking this opportunity, I would like to inform and share that Myanmar is addressing online fraud, cybercrime, and illicit drugs as a national duty under a zero-tolerance policy. Myanmar enacted the Anti-Online Fraud Law on July 31, enabling effective penalization, suppression, and prevention of online fraud. In order to eradicate online fraudulent gambling operations in Myanmar, we are cooperating with neighboring countries to clear out such operations, systematically destroy seized materials, and demolish illegal structures.

Similarly, Myanmar is actively cooperating in regional anti-human-trafficking efforts within ASEAN. Regarding narcotics, Myanmar's Central Committee for Drug Abuse Control (CCDAC) is engaging in mutual intelligence-sharing with Malaysia's National Anti-Drugs Agency (NADA) and the Royal Malaysia Police (RMP). Online fraud, illicit drug production, and trafficking primarily occur in border areas that are beyond the government's administrative reach and dominated by ethnic armed organizations. As transnational crimes that adversely impact not only the domestic population but also regional nations, they cannot be resolved by a single country alone. These challenges can only be resolved through intelligence-sharing among regional states and coordinated law enforcement cooperation.

According to our records, over 160,000 Myanmar migrant workers and their families are living and working in Malaysia. Therefore, we wish to cooperate closely with the Malaysian government to improve workplace safety, secure their entitled rights and protections, and enhance social security and welfare. Furthermore, we would like to discuss facilitating the systematic migration of workers through official channels, protecting them from exploitation, streamlining visa and work permit procedures, and effectively implementing bilateral labor MoUs. The labor and efforts of Myanmar workers in Malaysia play a key role in the economy and friendship of both nations, and we express our gratitude to the Malaysian government for its care and assistance.

Our two countries are regional partners and fellow members of regional and international organizations, including ASEAN and the United Nations. Regarding the ASEAN Five-Point Statement, Myanmar is striving to do its utmost based on domestic conditions. In alignment with our foreign policy and grounded in on-the-ground realities, we will work to enhance relations with ASEAN through a Myanmar-led, Myanmar-owned process while safeguarding our national interest and sovereignty.

In response, the Prime Minister of Malaysia stated that he was pleased with the comprehensive and candid discussions held by the President to enhance multi-sectoral bilateral cooperation. He noted that he had arranged for senior government officials to attend the meeting to bolster investment and pragmatic economic cooperation with Myanmar, expressing Malaysia's interest in importing necessary commodities from Myanmar.

He stated that both sides must work to strengthen friendship, engagement, and cooperation between the two countries and their peoples, elevating collaboration across all sectors. He added that the President's visit was successful, expressed gratitude for taking the time to visit Malaysia, and affirmed the commitment to further advancing existing friendly relations.

Following this, the President and the Prime Minister of Malaysia cordially exchanged views on conditions to enhance bilateral friendship, engagement, and multi-sectoral cooperation.

**Leaders of Both Nations Hold a Press Conference**

Following the meeting, President of the Republic of the Union of Myanmar U Min Aung Hlaing and Prime Minister of Malaysia Dato' Seri Anwar bin Ibrahim met with the media of both nations and held a press conference regarding bilateral relations, friendship, economic cooperation, and the visit.

Afterward, the heads of state of both nations warmly greeted attending officials and members of the media from both countries.

The President and the Malaysian Prime Minister then departed together by car for the Prime Minister's official residence. MNA

# မိမိတို့၏ ယနေ့တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရေးကို ပိုမိုခိုင်မာစေပြီး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားနိုင်မည်ဟုယုံကြည်၊ မလေးရှားနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ၏လုပ်အားနှင့် ကြိုးပမ်းမှုများသည် နှစ်နိုင်ငံလုံး၏စီးပွားရေးနှင့် ချစ်ကြည်ရေးအတွက် များစွာအဓိကကျပြီး မလေးရှားအစိုးရ၏ ကူညီစောင့်ရှောက်မှုများအတွက်လည်း ကျေးဇူးတင်ရှိ . . .

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

☆ ကျောဖုံးမှအဆက်

ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ညီညီဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မလေးရှားနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို လှိုက်လှဲနွေးထွေးစွာဖြင့်ကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကာလရှည်ကြာသည့် ကောင်းမွန်သည့်ဆက်ဆံရေးသမိုင်းကြောင်းများရှိခဲ့ကြသည့်နိုင်ငံများဖြစ်ကြပါကြောင်း၊ နောက်ပိုင်းတွင် ဆက်ဆံရေးအားဖြင့် အနည်းငယ်အလှမ်းကွာဝေးခဲ့သည်ဟုဆိုသော်လည်း မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများကဲ့သို့ အရေးကြီးသည့် မိတ်ဆွေနိုင်ငံများဖြစ်ကြပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအတွက်လည်း အရေးကြီးသည့်နိုင်ငံဖြစ်ပြီး မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကောင်းများထားရှိရေးကို အမြဲအလေးထားပါကြောင်း။

မိမိတို့နှစ်ဦးသည် ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် တွေ့ဆုံခဲ့ဖူးကြပြီး ထိတွေ့ဆက်ဆံမှုသည် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲပါစေကြောင်း၊ **ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေးနှင့် ထိတွေ့ဆက်ဆံမှုများနှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး မိမိ၏ဖိတ်ကြားမှုကို လက်ခံပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိ**ပါကြောင်း။

မလေးရှားနိုင်ငံသို့ ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အလေးထားပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဦးစွာဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကွာလာလမ်ပူမြို့သို့ ရောက်ရှိချိန်တွင် နွေးထွေးလှိုက်လှဲစွာကြိုဆိုမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုခရီးစဉ်သည် မိမိအနေဖြင့် နိုင်ငံတော်သမ္မတတာဝန်ယူပြီးနောက် အာဆီယံနိုင်ငံများသို့သွားရောက်သည့် ပဋ္ဌမမြောက်ခရီးစဉ်ဖြစ်ပြီး အဆွေတော်နှင့်ယခုကဲ့သို့တွေ့ဆုံဆွေးနွေးရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ နှစ်နိုင်ငံသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။

မိမိ၏ယခုမလေးရှားနိုင်ငံခရီးစဉ်အတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စနစ်တကျရှိသည့် ကွာလာလမ်ပူမြို့၏ သာယာလှပမှုနှင့် တက်ကြွလှုပ်ရှားမှုများကို ကိုယ်တိုင်တွေ့မြင်ခွင့်ရပြီး နောက်ဆုံးတစ်ကြိမ်ရောက်ရှိစဉ်ကထက် သိသာသည့်ပြောင်းလဲတိုးတက်မှုများကိုလည်း တွေ့မြင်ရပါကြောင်း၊ မလေးရှားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးပါကြောင်း။

မလေးရှားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလကစပြီး BRICS ၏ မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်နေသည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ပြောကြားလိုပါကြောင်း၊ မိမိတို့၏ **ယနေ့တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရေးကို ပိုမိုခိုင်မာစေပြီး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားနိုင်မည်ဟု ယုံကြည်**ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား ၁၉၅၈ ခုနှစ်တွင် သံတမန်အဆက်အသွယ် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ၆၈ နှစ်ကျော်ရှိခဲ့ပြီဖြစ်ပြီး လာမည့် ၂၀၂၈ ခုနှစ်တွင် နှစ် ၇၀ ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း ထူးခြားလေးနက်သည့်အထိမ်းအမှတ်အခမ်းအနားများပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ရန်အဆိုပြုလိုပါကြောင်း၊နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတစ်လျှောက်တွင် မိမိတို့နှစ်နိုင်ငံကြား ရင်းနှီးသည့်ဆက်ဆံရေးကို ပိုင်ဆိုင်ထားကြပါကြောင်း၊ အိမ်နီးချင်းမဟုတ်သော်လည်း ကိုလိုနီလက်အောက်တွင် အတူနေခဲ့ဖူးကြပြီး အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများအဖြစ် နီးကပ်သည့်ဆက်ဆံရေးရှိခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် နှစ်ပေါင်းများစွာ ပူးပေါင်းဆောင်ရွက်လာခဲ့ကြသည့် မိတ်ဖက်နိုင်ငံများလည်းဖြစ်ကြပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် မလေးရှားနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားလိုကြောင်းကို အသိပေးလိုပြီး ကွာလာလမ်ပူမြို့တွင် သံရုံးဖွင့်လှစ်ထားကာ မလေးရှားရောက် မြန်မာနိုင်ငံသားများ၏ အကျိုးကို ကူညီဆောင်ရွက်ပေးနေသကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေရန်အတွက်လည်း အထူးအလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားများအတွက် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာပြုလုပ်ခဲ့ပါကြောင်း၊ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိရာ ယခုအခါ တတိယအကြိမ်မြောက်အစည်းအဝေးကျင်းပလျက်ရှိပြီး ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူ့အကျိုးဖော်ဆောင်မည့် ဆွေးနွေးမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အချိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကို သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်နေပါကြောင်း။

မိမိတို့နှစ်နိုင်ငံကြား လေကြောင်းပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ ရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေး၊ အခွန်နှစ်ထပ် စည်းကြပ်မှုရှောင်ရှားရေးနှင့် ရာဇဝတ်မှုဆိုင်ရာအပြန်အလှန် ဥပဒေအကူအညီပေးရေးစသည့်နယ်ပယ်များတွင် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ ချုပ်ဆိုထားပြီးဖြစ်ပါကြောင်း၊ ယခုသဘောတူညီချက်များကိုအခြေခံပြီး နှစ်နိုင်ငံကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့နိုင်မည့်နယ်ပယ်များကို ဆက်လက်ရှာဖွေသွားလိုပါကြောင်း။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ပြီးခဲ့သည့်နှစ်တွင် နှစ်နိုင်ငံစုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၆၀၀ ကျော်ရှိခဲ့ပြီး မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံအဆင့် (၄)နှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ၊ ဒေသပေါင်း ၄၈ ခုအနက် မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် (၉)ရှိနေသည်ကို သိရှိရပါကြောင်း၊ နှစ်နိုင်ငံကြားပူးပေါင်းပြီး စီးပွားရေးဖိုရမ်များ၊ B2B မိတ်ဆက်ပွဲများ၊ စီးပွားရေးနှင့် ကုန်သွယ်ရေး အသိပညာဖလှယ်ပွဲများ၊ သုတေသနလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)အတွက် နိုင်ငံတကာဈေးကွက် ဝင်ရောက်မှုများအတွက် အတွေ့အကြုံမျှဝေခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်သွားလိုပြီး မလေးရှားနိုင်ငံတွင်ပြုလုပ်သည့် ကုန်စည်ပြပွဲများတွင်လည်း ပါဝင်ပြသသွားလိုပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံကြား ဒစ်ဂျစ်တယ်ကုန်သွယ်ရေးနှင့် အွန်လိုင်းပလက်ဖောင်းမြှင့်တင်ရေး ဆောင်ရွက်မှု(E-commerce and Digital Promotion Platform)များအပေါ် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးစားပေးဖိတ်ခေါ်လျက်ရှိရာ မလေးရှားနိုင်ငံမှ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း။

ယမန်နေ့ကပြုလုပ်ခဲ့သည့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ လယ်ယာနှင့် တန်ဖိုးမြှင့်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ပြီး SEZ ၊ MSME နှင့် ဘဏ္ဍာရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုကဏ္ဍများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မလေးရှားနိုင်ငံသည် သုတေသနလုပ်ငန်းများစွာအတွေ့အကြုံရှိသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသုတေသန နယ်ပယ်များကို ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။

ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးလိုပြီး မိမိတို့နိုင်ငံ၏ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့သည် မလေးရှား Multimedia University နှင့် MoU အသီးသီးချုပ်ဆိုပြီး ပညာရေးနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း။

သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်သွားနိုင်မည်ဟုယုံကြည်ပါကြောင်း၊ အထူးသဖြင့် နည်းပညာ၊ ကွန်ပျူတာနှင့် Polytechnic တက္ကသိုလ်များကြား ကျောင်းသားဖလှယ်ရေးအစီအစဉ်များ၊ ဘွဲ့ယူစာတမ်းနှင့်

**မြန်မာနိုင်ငံသည် အာဆီယံအတွက်လည်း အရေးကြီးသည့်နိုင်ငံဖြစ်ပြီး မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကောင်းများထားရှိရေးကို အမြဲအလေးထား၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနှင့် ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှု၊ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်ပယ်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားကြရမည်ဖြစ် . . .**

**မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်**

သုတေသန ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားလိုပါကြောင်း။ ထို့ပြင် ပူးတွဲအလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းအားဖြင့် နှစ်နိုင်ငံလုံး၏ သုတေသနနှင့် ပညာရေးအဆင့်အတန်းကို အတူတကွမြှင့်တင်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း မြန်မာ-မလေးရှား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများစွာရှိပါကြောင်း။ မလေးရှားနိုင်ငံတွင် လာရောက်လုပ်ကိုင်နေကြသည့် မြန်မာဆရာဝန်များစွာရှိခဲ့သကဲ့သို့ မလေးရှားနိုင်ငံ၏ ဆေးပညာအဆင့်အတန်းမြင့်မားမှုနှင့် ဈေးနှုန်းသင့်တင့်မှုတို့ကြောင့် မြန်မာနိုင်ငံသားများစွာသည်လည်း မလေးရှားနိုင်ငံတွင် ဆေးကုသမှုခံယူရန် ရွေးချယ်လာကြပါကြောင်း၊ ထို့ကြောင့် မြန်မာ-မလေးရှား နှစ်နိုင်ငံအနေဖြင့် ဆေးရုံနှင့် ဆေးခန်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ကျန်းမာရေးနည်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးစသည့် အပိုင်းများတွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီညီဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပထဝီဝင်အရ နီးကပ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်းဖြစ်သောကြောင့် ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများ တိုးမြှင့်နိုင်မည့်အလားအလာများလည်း များစွာရှိပါကြောင်း။

အခါအခွင့်ကြုံခိုက်တွင် မြန်မာနိုင်ငံ၌ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စရပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် Zero Tolerance မူချမှတ်ပြီး ဆောင်ရွက်နေမှုများကို အသိပေးမျှဝေလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင် ၃၁ ရက်တွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် အွန်လိုင်းလိမ်လည်မှုများကို ထိထိရောက်ရောက် ပြစ်ဒဏ်စီရင်ပြီး တားဆီးနှိမ်နင်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေးရှင်းလင်းခြင်း၊ သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများကိုစနစ်တကျဖြိုချဖျက်ဆီးခြင်းတို့ကို အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူမြန်မာနိုင်ငံအနေဖြင့်အာဆီယံဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးကဏ္ဍနှင့် ပတ်သက်ပါကလည်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(Central Committee for Drug Abuse Control-CCDAC)က မလေးရှားနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီ(National Anti-Drugs Agency-NADA)၊ မလေးရှားတော်ဝင်ရဲအဖွဲ့(Royal Malaysia Police-RMP)တို့နှင့် အပြန်အလှန်သတင်းဖလှယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်ရောင်းဝယ်ဖောက်ကားမှုများသည် မြန်မာအစိုးရ၏ အုပ်ချုပ်မှုနှင့်အလှမ်းကွာပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြီးစိုးနေသည့် နယ်စပ်ဒေသများတွင် အဓိကဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌သာမက ဒေသတွင်းနိုင်ငံများအပေါ်၌ပါ ဆိုးကျိုးများသက်ရောက်မှုရှိသည့် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့်အတွက် တစ်နိုင်ငံတည်းက ကိုင်တွယ်ဖြေရှင်း၍မရဘဲ ဒေသတွင်းနိုင်ငံများကြား သတင်းအချက်အလက်များမျှဝေခြင်းနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြားချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုလုပ်နိုင်မှသာ ပြဿနာများပြေလည်မည်ဖြစ်ပါကြောင်း။

မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုဝင်များအနေဖြင့် မိမိတို့မှတ်တမ်းများအရ ဦးရေ ၁၆၀၀၀၀ ကျော် လာရောက်နေထိုင်လုပ်ကိုင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ငန်းခွင်လုံခြုံဘေးကင်းရေး၊ ရသင့်ရထိုက်သည့်အခွင့်အရေးနှင့် အကာအကွယ်များရရှိရေး၊ လူမှုဖူလုံရေးနှင့် စောင့်ရှောက်မှုများပိုမိုကောင်းမွန်လာစေရေးအတွက် မလေးရှားအစိုးရနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ ထို့ပြင် အလုပ်သမားများတရားဝင်လမ်းကြောင်းကတစ်ဆင့် စနစ်တကျလာရောက်လုပ်ကိုင်နိုင်ရေး၊ ခေါင်းပုံဖြတ်ခံရမှုများမှကာကွယ်နိုင်ရေး၊ ဗီဇာနှင့် အလုပ်လုပ်ခွင့်ပါမစ်ဆိုင်ရာကိစ္စရပ်များ ချောမွေ့စေရေးနှင့် နှစ်နိုင်ငံအလုပ်သမားသဘောတူညီချက်(MoU)များအတိုင်း ထိရောက်စွာအကောင်အထည် ဖော်ဆောင်နိုင်ရေးတို့ကိုလည်း ဆွေးနွေးလိုကြောင်း၊ မလေးရှားနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ၏လုပ်အားနှင့် ကြိုးပမ်းမှုများသည် နှစ်နိုင်ငံလုံး၏စီးပွားရေးနှင့် ချစ်ကြည်ရေးအတွက် များစွာအဓိကကျပြီး မလေးရှားအစိုးရ၏ကူညီစောင့်ရှောက်မှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းမိတ်ဖက်နိုင်ငံများဖြစ်ကြပါကြောင်း၊ အာဆီယံနှင့် ကုလသမဂ္ဂတို့အပါအဝင် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်များအဖြစ်လည်းပါဝင်ကြပါကြောင်း၊ အာဆီယံကြေညာချက် ငါးရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအခြေအနေများအပေါ်မူတည်ပြီး အကောင်းဆုံးဖြစ်အောင်တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မိမိတို့၏နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပကတိအခြေအနေများကို အခြေခံပြီး အမျိုးသားအကျိုးစီးပွားနှင့်အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာကဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ဆက်ဆံရေးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် အဆွေတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့မှုများအပေါ် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်လက်တွေ့ကျသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ယခုတွေ့ဆုံဆွေးနွေးပွဲသို့ တာဝန်ရှိသည့် အစိုးရအဖွဲ့အဆင့်မြင့်ကိုယ်စားလှယ်အရာရှိကြီးများကို တက်ရောက်စေခဲ့ပါကြောင်း၊ မလေးရှားနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် သွင်းကုန်များကို မြန်မာနိုင်ငံမှတင်သွင်းနိုင်ရန် ဆန္ဒရှိပါကြောင်း။

မိမိတို့အနေဖြင့် နှစ်နိုင်ငံနှင့် ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှု၊ထိတွေ့ဆက်ဆံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်ပယ်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီး၏ ယခုခရီးစဉ်သည် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ပြီး ယခုကဲ့သို့အချိန်ပေး၍ မိမိတို့နိုင်ငံသို့လာရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ထိတွေ့ဆက်ဆံမှုနှင့် ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

**နှစ်နိုင်ငံခေါင်းဆောင်များ**
**သတင်းစာရှင်းလင်းပွဲပြုလုပ်**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့သည် နှစ်နိုင်ငံသတင်းမီဒီယာများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ခရီးစဉ်ဆိုင်ရာများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ခဲ့သည်။**(သတင်းစာရှင်းလင်းပွဲတွင်ပြောကြားမှုအပြည့်အစုံကို စာမျက်နှာ ၆ နှင့် စာမျက်နှာ ၇ တို့တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားဝန်ကြီးချုပ်တို့သည် အတူတကွ မော်တော်ယာဉ်စီးနင်းလိုက်ပါ၍ ဝန်ကြီးချုပ်အိမ်တော်သို့ ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါလျှောက်လွှာလက်ခံမည့်နေရာ ရှစ်ခုအနက်တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

- (က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
- (ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
- (ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
- (ဃ) ဆေးတက္ကသိုလ်(မန္တလေး)
- (င) ဆေးတက္ကသိုလ်(မကွေး)
- (စ) ဆေးတက္ကသိုလ်(တောင်ကြီး)
- (ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
- (ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာ နှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင်ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

⚐ ရှေ့ဖုံးမှအဆက်

ယင်းနောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးကို ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ ကိုယ်စားလှယ်အရာရှိကြီးများကို အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ထို့နောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် ဝန်ကြီးချုပ်ရုံးအဆောက်အအုံ၌ မလေးရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ပူထရာဇလီကျောင်းတော်အား နောက်ခံထား၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မလေးရှားဝန်ကြီးချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်တို့သည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။

သီးသန့်တွေ့ဆုံ၍ ကမ္ဘာ့နိုင်ငံရေးအခြေအနေများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ နှစ်နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာများ၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

PPIB News



ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

● **အေးချမ်းစွာပညာသင်ကြားလျက်ရှိမှု**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များက ကျောင်းများရှိ နွံ့ညွန်နှင့် အမှိုက်များ သန့်ရှင်းရေးဆောင်ရွက်ပေးမှုကြောင့် ယခုအခါတွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံအေးချမ်းစွာ ပညာသင်ကြားလျက်ရှိပြီး ကျောင်းများတွင် ကျင်းပမြဲဖြစ်သော အခမ်းအနားများ၊ အစည်းအဝေးများကိုလည်း ကျင်းပဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကျော်ကျော်ဟန်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများသည် ထားဝယ်မြို့ပေါ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် အခမ်းအနားကျင်းပဆောင်ရွက်နေမှုကိုတက်ရောက်ချီးမြှင့်ပြီး ကြက်စားပြင်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံအေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ခေတ္တကျောင်းပိတ်ထားစဉ် ရပ်တန့်ခဲ့သည့် ပညာရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်ရန် ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချစွာစာသင်ကြားနိုင်ရန်၊ ဆရာ၊ ဆရာမများ အဆင်ပြေစွာ သင်ကြားပို့ချနိုင်ရန်၊ ရေဘေးကြောင့် ပညာသင်ယူမှု နောက်ကျကျန်ခဲ့သည့် ကျောင်းသင်ခန်းစာများ ပြန်လည်အမီလိုက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

◆ **ရောဝတီတိုင်းဒေသကြီးမှ**

ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝေနိမြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၊ အောက်တိုဘာ ၅ ရက်တွင် ကျုံပျော်မြို့နယ်၊ အောက်တိုဘာ ၇ ရက်တွင် ငါးသိုင်းချောင်းမြို့တို့၌ ရေများ ပြန်လည်ကျဆင်းသွားခဲ့ပြီး ယနေ့တွင် ရေကြည်မြို့နယ်အတွင်း ၁၁ ပေ ၁ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(Malaysia-Myanmar Cooperation Dialogue) ကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်ရည်ရွယ်၍ မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (Malaysia–Myanmar Cooperation Dialogue)တစ်ရပ်ကို မလေးရှားဝန်ကြီးချုပ် အိမ်တော်၌ ယနေ့တွင် ကျင်းပသည်။

အဆိုပါ မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့နှင့် နှစ်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မလေးရှားမဟာဗျူဟာနှင့် နိုင်ငံတကာရေးရာလေ့လာရေးအဖွဲ့ (ISIS Malaysia) အမှုဆောင်ဥက္ကဋ္ဌ Datuk Prof Dr Mohd Faiz Abdullah နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာရေးရာလေ့လာရေးအဖွဲ့(MISIS) ဥက္ကဋ္ဌ ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ၊ နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍ၊ မီဒီယာကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့မှ ကိုယ်စားလှယ်များ စုံလင်စွာ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ မလေးရှား–မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (Malaysia–Myanmar Cooperation Dialogue)တွင် တက်ရောက်အမှာစကားပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ ဂုဏ်ပြုနေ့လယ်စာသုံးဆောင်နေစဉ်အတွင်း မလေးရှားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် ဆွေးနွေးပွဲသို့ ရောက်ရှိလာကြရာ နှစ်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူလေးများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ကျင်းပရာ မလေးရှားမဟာဗျူဟာနှင့် နိုင်ငံတကာရေးရာလေ့လာရေးအဖွဲ့ (ISIS Malaysia) အမှုဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာရေးရာလေ့လာရေးအဖွဲ့(MISIS)ဥက္ကဋ္ဌတို့က ဆွေးနွေးပွဲ ပထမပိုင်းတွင် ပထဝီနိုင်ငံရေးတိုးတက်ဖြစ်ပေါ်မှုများနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့သည့် အခြေအနေများ၊ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲရလဒ်များ၊ ဆက်လက်ဆောင်ရွက်သွားရန်ရှိသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မလေးရှားနိုင်ငံဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မြန်မာ–မလေးရှား ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နှစ်နိုင်ငံကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားနိုင်မည့် လက်တွေ့ကျသည့်အခွင့်အလမ်းများပင်ဖြစ်ပါကြောင်း၊ မလေးရှား မဟာဗျူဟာနှင့် နိုင်ငံတကာရေးရာလေ့လာရေးအဖွဲ့(ISIS Malaysia)နှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာရေးရာလေ့လာရေးအဖွဲ့(MISIS)တို့၏ ဆွေးနွေးမှုများမှ တစ်ဆင့် နယ်ပယ်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်အတည်ပြုအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့အကြီးအကဲနှစ်ဦးသည် ယနေ့နံနက်ပိုင်းတွင်လည်း နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်နိုင်ရန် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်ကောင်းများစွာရရှိခဲ့ပါကြောင်း၊ ထိုသို့ ဆွေးနွေးမှုများအပြင် ယခုကဲ့သို့ Think Tank အဖွဲ့အစည်းများနှင့် ထပ်မံဆွေးနွေးရသည့်အတွက်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်ပြီး အခွင့်အလမ်းကောင်းများစွာကိုလည်း ဖော်ဆောင်လာနိုင်မည်လည်းဖြစ်ကြောင်း။

ပို၍အရေးကြီးသည်မှာ နှစ်နိုင်ငံပြည်သူများအချင်းချင်းကြား၌လည်း ထိတွေ့ဆက်ဆံမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် Dialogue တစ်ခုလည်းဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မလေးရှားနိုင်ငံသို့ လာရောက်ရေးအတွက် မိမိ၏ဖိတ်ကြားမှုအပေါ် လက်ခံပေးမှုအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် ယနေ့ မြန်မာ–မလေးရှား ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပညာရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် Think Tank အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တစ်နေရာတည်းတွင်စုစည်းပြီး နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုအနာဂတ်ကို အမြင်မျိုးစုံနှင့်ဆွေးနွေးနိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ **ယနေ့တွေ့ဆုံမှု၏ အဓိကရည်ရွယ်ချက်မှာ ရှိရင်းစွဲဆက်ဆံရေးများကို ပြန်လည်သုံးသပ်ရုံသာမက မြန်မာနှင့် မလေးရှား နှစ်နိုင်ငံကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများပိုမိုခိုင်မာလာစေရန်ဖြစ်သည့်အပြင် နောက်တစ်ဆင့်မြင့်သည့် Bilateral Engagement ကို မည်သို့ အတူတကွ တည်ဆောက်သွားနိုင်မည်ကို အမြင်ချင်းဖလှယ်ရန်ဖြစ်**ပါကြောင်း။

ယနေ့ ကမ္ဘာ့အခြေအနေတွင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရေးကို အစိုးရချင်း တရားဝင်ဆက်ဆံရေးတစ်ခုတည်းဖြင့် တည်ဆောက်၍ မရတော့ပါကြောင်း၊ အစိုးရချင်းဆက်ဆံရေးအပြင် ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် Think Tanks များ၏ ဆက်ဆံရေးသည်လည်း အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်လာပါကြောင်း၊ ထို့ကြောင့် ယနေ့ကဲ့သို့ ဆွေးနွေးပွဲများသည် အစိုးရမဟုတ်သည့် Track II လမ်းကြောင်းမှ ဆောင်ရွက်ခြင်းဖြစ်ပြီး မူဝါဒချမှတ်သူများအတွက် အရေးကြီးသည့် အမြင်နှင့်အကြံပြုချက်များကိုပေးနိုင်သည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်ပြီး နှစ်ပေါင်းများစွာ အပြန်အလှန်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းလာခဲ့ကြပါကြောင်း။

မြန်မာ–မလေးရှား နှစ်နိုင်ငံကြား လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ ရော်ဘာနှင့် အခြားကုန်ကြမ်းများမှ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှု၊ အအေးခန်းသိုလှောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ပြည့်ဖြိုးမြဲစွမ်းအင်၊ ဘဏ္ဍာရေးနှင့် Digital Payment၊ Remittance စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ရှိနေပါကြောင်း။

လက်ရှိ ကမ္ဘာ့စနစ်သည် အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုတစ်ခုတည်းကြောင့် ပြောင်းလဲနေခြင်းမဟုတ်ဘဲ ပထဝီစီးပွားရေး ပြိုင်ဆိုင်မှုအဖြစ်လည်း ပြောင်းလဲလာပြီး တစ်နည်းအားဖြင့်ပြောရမည်ဆိုပါက ယနေ့ခေတ်တွင် **Geopolitics နှင့် Geoeconomics သည် ပိုမိုနီးကပ်စွာဆက်စပ်လာပါကြောင်း**၊ ယင်းအခြေအနေတွင် မြန်မာနှင့် မလေးရှားတို့သည် အရှေ့တောင်အာရှ၏ နိုင်ငံနှစ်နိုင်ငံအဖြစ်သာမက **အိန္ဒိယသမုဒ္ဒရာနှင့် အာဆီယံစီးပွားရေးဗဟိုဒေသကို ချိတ်ဆက်ပေးနိုင်သည့် မဟာဗျူဟာမြောက် မိတ်ဖက်နှစ်နိုင်ငံ**အဖြစ်လည်း ရှုမြင်နိုင်ပါကြောင်း။

ထို့ကြောင့် **ပထဝီဝင်အနေအထားကို ကံကြမ္မာအဖြစ်သာ လက်ခံနေမည့်အစား ပထဝီဝင်အားသာချက်ကို အခြေခံပြီး ချိတ်ဆက်မှုများ တည်ဆောက်ရမည်၊ Infrastructure များ**

စာမျက်နှာ ၂၀ သို့

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit)သွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်ကျော်မိုး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညီညီဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပခြင်း၊ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ဆက်ဆံမှုများမြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြု နှုတ်ဆက်ကြစဉ်။

---

**စာမျက်နှာ ၁၉ မှအဆက်**

**တိုးတက်အောင် လုပ်ရမည်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရမည်၊ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ရမည်၊ နောက်ဆုံးတွင် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ချိတ်ဆက်ပေးနိုင်ရမည်** ဖြစ်ပါကြောင်း၊ ထိုမှသာလျှင် ပထဝီဝင်အားသာချက်သည် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအားသာချက်အဖြစ် ပြောင်းလဲလာမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန်အတွက် အစိုးရများ၏တာဝန် တစ်ခုတည်းမဟုတ်ဘဲ Think Tanks များ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအသိုင်းအဝိုင်းအားလုံးပါဝင်ရန် လိုအပ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲ၏ အရေးကြီးဆုံးအချက်တစ်ခုသည် **Think Tank အဖွဲ့အစည်းများကြား ပိုမိုခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်သွားနိုင်ရေး** ဖြစ်ပြီး MISIS နှင့် မလေးရှားနိုင်ငံ၏ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (ISIS Malaysia) တို့ကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကနေ နှစ်နိုင်ငံကြား မတူညီသည့် အမြင်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပြီး တူညီသည့်အကျိုးစီးပွားများကိုလည်း ပိုမိုရှာဖွေဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း။

ရှေ့ဆက်မည့် မြန်မာ-မလေးရှား ဆက်ဆံရေးကို မိမိတို့အနေဖြင့် **"Next Level of Bilateral Engagement"** အဖြစ် ရည်မှန်းသင့်ပြီး အစိုးရချင်းဆက်ဆံရေးကိုသာ ပိုမိုမြှင့်တင်ခြင်းမဟုတ်ဘဲ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ စီးပွားရေးလုပ်ငန်းရှင်၊ ပညာရှင်၊ Think Tank နှင့် ပြည်သူများကြား ဆက်ဆံရေးများကို တစ်ပြိုင်တည်း ပိုမိုခိုင်မာအောင် တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ စွမ်းအင်နှင့် အစားအစာလုံခြုံရေး၊ ထောက်ပံ့ရေးကွင်းဆက်နှင့် ချိတ်ဆက်မှု၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးတို့သည် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲသည် ဆွေးနွေးခြင်းအဆင့်တွင်သာ ရပ်တန့်မသွားဘဲ **နောက်ထပ်ဆွေးနွေးမှုများ၊ ပူးတွဲသုတေသနများ၊ ပိုမိုခိုင်မာသည့် အစိုးရ-အစိုးရ၊ စီးပွားရေး-စီးပွားရေးနှင့်Think Tank-Think Tank ဆက်ဆံရေးများကို စတင်ပေးနိုင်သည့် အစပြုအဆင့်တစ်ရပ်**ဖြစ်လာစေလိုပါကြောင်း၊ ယနေ့ရရှိခဲ့သည့် အမြင်ဖလှယ်မှုများနှင့် အကြံပြုချက်များကို လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် ပြောင်းလဲနိုင်ရန် အားလုံးအတူတကွ ဆက်လက် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနှင့် မလေးရှား နှစ်နိုင်ငံကြား ပိုမိုနားလည်မှုရှိလာခြင်း၊ ပိုမိုချိတ်ဆက်လာခြင်းနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာခြင်းသည် နှစ်နိုင်ငံအစိုးရများအတွက်သာမက နှစ်နိုင်ငံပြည်သူများအတွက်ပါ ရေရှည်အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် အချိန်ပေးပြီး ပါဝင်ဆွေးနွေးပေးကြသည့် မလေးရှားနိုင်ငံမှ မိတ်ဖက်အဖွဲ့အစည်းများ၊ Think Tank များ၊ ပညာရှင်များနှင့် ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-မလေးရှား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

**ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို မလေးရှားနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုနေ့လယ်စာ စားပွဲအခမ်းအနားသို့ ရောက်ရှိလာရာ ယဉ်ကျေးမှုအဖွဲ့များက ကြိုဆိုဧည့်ခံဖျော်ဖြေကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း မလေးရှားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံ တေးသီချင်းများ၊ ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်အကြီးအကဲနှစ်ဦးတို့သည် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုနေ့လယ်စာ စားပွဲအခမ်းအနားမှ ပြန်လည်ထွက်ခွာရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင် နှုတ်ဆက်ကြပြီး ကျောင်းသား၊ ကျောင်းသူများကလည်း နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

PPIB News

# ဒုတိယသမ္မတ ဦးညိုစော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် အောက်တိုဘာ ၈

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဒုတိယသမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုဆိုးရွားမှုများအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထား ဆောင်ရွက်သွားကြရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည့်အခြေအနေများ၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်လာမှုများ၊ မိုးခေါင်ရေရှားမှုများ ဖြစ်ပေါ်လာနိုင်သကဲ့သို့ ရုတ်တရက်မုန်တိုင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်နိုင်သည့် အခြေအနေ၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုကို မိုးခေါင်မှုတစ်ခုတည်းအတွက်သာမဟုတ်ဘဲ ဘေးအန္တရာယ်မျိုးစုံအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း (Multi-Hazard Preparedness)အဖြစ် စဉ်းစားရန်လိုအပ်သည့် အခြေအနေ၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာအချက်အလက်များအရ အယ်လ်နီညိုဖြစ်စဉ်သည် မြန်မာနိုင်ငံအတွက် ၂၀၂၆ ခုနှစ်ကာလမှ ဆက်လက်အားကောင်းလာနိုင်ကာ ၂၀၂၇ ခုနှစ် အစောပိုင်းထိ ဆက်လက်သက်ရောက်နိုင်သည့် အခြေအနေ၊ စိုက်ပျိုးရေရေလျော့နည်းခြင်းကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု နည်းပါးစေရန် အပူဒဏ်ခံနိုင်မည့်သီးနှံများ၊ သက်တမ်းတိုသည့်မျိုးများ ရွေးချယ်စိုက်ပျိုးရမည့်အခြေအနေ၊ အပူရှောင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ရမည့်အခြေအနေ၊ အပူဒဏ်ကြောင့် တိရစ္ဆာန်များရောဂါရလွယ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့်ဖြစ်ပေါ်လာနိုင်မည့်ရောဂါများ ကာကွယ်နိုင်မှုအခြေအနေ၊ ရေလှောင်တမံများ ရေဝင်ရောက်မှုနည်းပါးခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့ကျသက်ရောက်မှုများအပေါ် ဆိုလာစနစ်ဖြင့် အစားထိုးဆောင်ရွက်နိုင်မည့်အခြေအနေ၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အတွက် ပြင်ဆင်ရာတွင် သက်ရောက်နိုင်ခြေများနှင့်ချိတ်ဆက်ပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ လျော့ပါးသက်သာစေခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် စားရေရိက္ခာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝစသည့် ကဏ္ဍအသီးသီးကို သက်ရောက်နိုင်သောအန္တရာယ် (Multi-sectoral Risk)ဖြစ်နိုင်သည့် အခြေအနေ၊ လက်ရှိဖြစ်ပေါ်နေသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် နောက်ဆက်တွဲသက်ရောက်မှုများအရ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ဒေသအလိုက်၊ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်သည့်အခြေအနေများကို အသေးစိတ်ဆွေးနွေးပြောကြားပြီး ကဏ္ဍစုံတွင်သက်ရောက်လာနိုင်မည့်အခြေအနေများနှင့် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် နောက်ဆက်တွဲသက်ရောက်မှုများအရဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ဒေသအလိုက်၊ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ဒုတိယသမ္မတကဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် အောက်တိုဘာ ၈

၂၀၂၆ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပမည့် ၂၇ ကြိမ်မြောက်ပြိုင်ပွဲကရရှိလာမည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များအနေဖြင့် အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းလိုစိတ်၊ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားလိုစိတ်များ ဖြစ်ထွန်းလာစေရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအချက်အနေဖြင့် ပြိုင်ပွဲဝင်များ ရွေးချယ်ရေးနှင့် ပြိုင်ပွဲအဆင့်ဆင့်ကို စနစ်တကျ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များကို ရိုးရာအနုပညာ၏ မူရင်းအနှစ်သာရနှင့် အစဉ်အလာများကို ထိန်းသိမ်းလိုက်နာစေပြီး တစ်ဖက်တွင်လည်း မျိုးဆက်သစ်များ၏ ဖန်တီးနိုင်စွမ်းနှင့်အနုပညာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် အကဲဖြတ်စနစ်တိကျမှန်ကန်ပြီး မျှတမှုရှိရေးကို အထူးဂရုပြုရမည်ဖြစ်ကြောင်း၊ အကဲဖြတ်ပညာရှင်များအနေဖြင့် သက်ဆိုင်ရာအနုပညာရပ်၏စံနှုန်းများ၊ ရိုးရာမူရင်းအနှစ်သာရများ၊ အနုပညာစွမ်းရည်၊ တင်ဆက်မှုပုံစံနှင့် စည်းမျဉ်းစည်းကမ်းများကို အခြေခံပြီး ပွင့်လင်းမြင်သာမှု၊ မျှတမှုရှိရှိဖြင့် အကဲဖြတ်ပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

တတိယအချက်အနေဖြင့် ရိုးရာအနုပညာပညာရှင်ကြီးများ၏ အတွေ့အကြုံနှင့် ပညာရပ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပေးနိုင်ရေးကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် ယခုခေတ်တွင် နည်းပညာတိုးတက်လာမှုနှင့်အတူ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးချပြီး မြန်မာ့ရိုးရာအနုပညာများကို မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖြန့်ဝေခြင်းနှင့် မျိုးဆက်သစ်များထံ ရောက်ရှိစေရေးကိုလည်း ဆက်လက်ဖော်ဆောင်သင့်ပါကြောင်း၊ ပြိုင်ပွဲကာလအတွင်း တင်ဆက်မှုများကို စနစ်တကျမှတ်တမ်းတင်ထားခြင်းဖြင့်လည်း အနာဂတ်ကာလတွင် သုတေသနပြုခြင်းနှင့် လေ့လာသင်ယူမှုများအတွက် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ပဉ္စမအချက်အနေဖြင့် ပြိုင်ပွဲဝင်များ၏ စိတ်ဓာတ်တက်ကြွမှု၊ အနုပညာစွမ်းရည် အပြည့်အဝဖော်ထုတ်နိုင်မှုနှင့် ကျန်းမာရေး၊ လုံခြုံရေးတို့ကိုလည်း စနစ်တကျစီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ထို့ပြင် ပြိုင်ပွဲကျင်းပရာတွင် ပြိုင်ပွဲအချိန်ဇယားကျွေးမွေးဧည့်ခံရေး၊တည်းခိုနေထိုင်ရေး၊ သွားလာပို့ဆောင်ရေး၊ သတင်းပြန်ကြားရေးစသည့်ကဏ္ဍများကို ကြိုတင်ပြင်ဆင်စီမံထားပြီး တာဝန်ရှိသူများကမိမိတို့၏တာဝန်များကိုအချိန်မီပြီးမြောက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာကြသူအားလုံးက သက်ဆိုင်ရာကဏ္ဍအလိုက် စိတ်အားထက်သန်စွာ၊ တာဝန်ယူမှုရှိစွာ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြိုင်ပွဲကျင်းပသွားမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်များဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြိုင်ပွဲအဆင့်အလိုက်ဝင်ရောက်ယှဉ်ပြိုင်ရန် စနစ်သွင်းလေ့ကျင့်နေမှု၊ ဘာသာရပ်အလိုက် ပါဝင်ယှဉ်ပြိုင်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာဒေါ်သီသီလွင် ဦးဆောင်သည့် ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။



ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဥပဒေပညာကိုသင်ကြားနေကြသည့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် လှိုက်လှဲဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများက ရှင်းလင်းတင်ပြချက်များကို ကိုယ်တိုင် မျက်မြင်တွေ့ရှိရသဖြင့် လွှတ်တော်အတွင်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဗဟုသုတများ အထိုက်အလျောက်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ရှိပါကြောင်း၊ လွှတ်တော်များသည် ပြည်သူများကို ကိုယ်စားပြုသည့်ပုဂ္ဂိုလ်များဖြင့် စုစည်းထားသည့်နေရာဖြစ်၍ လွှတ်တော်သည် ပြည်သူ့ဆန္ဒများကို တစ်ဆင့်ခံဆောင်ရွက်နေသည်ဟု နားလည်စေလိုပါကြောင်း၊ လွှတ်တော်များသည် မဲဆန္ဒရှင်ပြည်သူများ၏ လိုလားချက်များကို လွှတ်တော်အတွင်း၌ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူနှင့်အစိုးရကြား ဆက်သွယ်ပေးရသည့် ကြားခံ အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်တွင် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားရှိပါကြောင်း၊ ကော်မတီများသည် လွှတ်တော်၏အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာအထောက်အကူပြုလျက်ရှိပါကြောင်း၊ ပြည်သူများအားလုံး ဥပဒေ၏အကာအကွယ်အောက်တွင် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက်လည်း တည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှုရှိစေရန် လေ့လာစိစစ်လျက်ရှိပါကြောင်း၊ ထို့ပြင် ယနေ့တွင် ပြည်သူများကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ဒုတိယပုံမှန်အစည်းအဝေးကာလတွင် အတည်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ယခုလာရောက်လေ့လာသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်က ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မိမိတို့လွှတ်တော်နှင့် ဆက်သွယ်ဆွေးနွေးနိုင်ပါကြောင်း၊မိမိတို့အနေဖြင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိပြီး နိုင်ငံတော်နှင့်ပြည်သူများအတွက် အားကိုးအားထားပြုရသည့် မဏ္ဍိုင်ဖြစ်စေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လွှတ်တော်၏လုပ်ငန်းစဉ်များနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တက်ရောက်လာကြသည့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးသိန်းထွန်းဦး၊ ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်း၊ နယ်စပ်ဒေသတိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီအတွင်းရေးမှူး ဦးရဲထွဋ်အောင်၊ ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင် ဦးကိုကိုသင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဒေါ်အေးမြဖြူကြိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

### ❖ U-18 ပြေးခုန်ပစ်ပြိုင်ပွဲမှ

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး (မီတာ ၂၀၀၊ မီတာ ၈၀၀၊ မီတာ ၅၀၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲ၊ မီတာ ၁၁၀ တန်းကျော်ပြေး၊ မီတာ ၁၀၀ တန်းကျော်ပြေး၊ တုတ်ထောက်ခုန်၊ သံလုံးပစ်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းမှ မင်းမြတ်နိုင်က စံချိန် 22.96 စက္ကန့်ဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သက်ပိုင်ဦးက စံချိန် 23.41 စက္ကန့်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်အသင်းမှ ကောင်းမြတ်နိုင်က စံချိန် 24.02 စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ အောင်မင်းသန့်က စံချိန် 2:05.84 စက္ကန့်ဖြင့် ပထမ၊ ကရင်ပြည်နယ်အသင်းမှ သုခစံက စံချိန် 2:08.00 စက္ကန့်ဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဟိန်းမင်းဝေက စံချိန် 2:08.08 စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ မီတာ ၅၀၀၀ ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဝမ်ကြာလယ်က စံချိန် 17:32.77 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းထက်က စံချိန် 17:34.30 စက္ကန့်ဖြင့် ဒုတိယ၊စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ထူးဦးက စံချိန် 17:40.66 စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ မီတာ ၁၁၀ တန်းကျော်ပြေး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ကောင်းမြတ်ဇော်က စံချိန် 15.89 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ကျော်ခန့်နိုင်က စံချိန် 16.56 စက္ကန့်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်အသင်းမှ ဆန်းပြည့်ဦးက စံချိန် 17.23 စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ထက်မြတ်အောင်က 3.20 မီတာဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ စိုးဟိန်းထက်က 3.10 မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ရင်ကိုက 2.90 မီတာဖြင့် တတိယဆုကို လည်းကောင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ဟိန်းသူရမိုးက 14.54 မီတာဖြင့် ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ချမ်းငြိမ်းအောင်က 13.14 မီတာဖြင့် ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ စောတောဘလူမူးက 12.28 မီတာဖြင့် တတိယဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ပြီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းလူရွေး ပွဲပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသင်းက 3:40.29 စက္ကန့်ဖြင့် ပထမ၊ ရခိုင်ပြည်နယ်အသင်းက 3:41.58 စက္ကန့်ဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက 3:42.97 စက္ကန့်ဖြင့် တတိယရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ကြသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ နီနီထွန်းက စံချိန် 27.22 စက္ကန့်ဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နှင်းဒါလီခိုင်က စံချိန် 28.01 စက္ကန့်ဖြင့် ဒုတိယ၊ မွန်ပြည်နယ်အသင်းမှ သံစဉ်မိုးမြင့်စံက စံချိန် 28.81 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှော်ရဲက စံချိန် 2:27.81 စက္ကန့်ဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ယွန်းပွင့်ဖြူက စံချိန် 2:28.46 စက္ကန့်ဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဒုံကမ်းက စံချိန် 2:29.80 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ချစ်စနိုးဇော်က စံချိန် 16.30 စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်အသင်းမှ နန်းရွှေငွေးက စံချိန် 18.92 စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဖူးပပလင်းက စံချိန် 19.40 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မိုးသန္တာထွန်းက 1.90 မီတာဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ စိုးသဇင်က 1.90 မီတာဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ချောစုစုခိုင်က 1.90 မီတာဖြင့် တတိယတို့ကိုလည်းကောင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ နန်းမွေလောဝ်က 10.56 မီတာဖြင့် ပထမ၊ ရှမ်းပြည်နယ်အသင်းမှ နန်းမိုလိုမ်ခမ်းက 8.96 မီတာဖြင့် ဒုတိယ၊ မွန်ပြည်နယ်အသင်းမှ နှင်းသဇင်ဝေက 8.74 မီတာဖြင့် တတိယတို့ကိုလည်းကောင်း အသီးသီးရရှိခဲ့ပြီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းလူရွေး ပွဲပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက 4:25.51 စက္ကန့်ဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက 4:28.37 စက္ကန့်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်အသင်းက 4:43.05 စက္ကန့်ဖြင့် တတိယရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ကြသည်။



ယနေ့ ယှဉ်ပြိုင်သည့် အမျိုးသား သံလုံးပစ်ပြိုင်ပွဲ ပွဲစဉ်တွင် ပြိုင်ပွဲဝင်နံပါတ် (၁၉၂) ရှမ်းပြည်နယ်အသင်းမှ ဟိန်းသူရမိုး၏ စံချိန် 14.54 မီတာသည် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ်အသင်းမှ ဒီရဲဝူ၏ စံချိန် 14.43 မီတာထက် သာလွန်၍ မြန်မာပြည် စံချိန်သစ်တင်နိုင်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ စက်တင်ဘာ ၆ ရက်မှ ၈ ရက်ထိ ပြိုင်ပွဲများ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊နည်းပြများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက် (ယနေ့)နံနက် ၆ နာရီခွဲမှစတင်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး(မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ သုံးဆင့်ခုန်၊ လှံတံပစ်) ပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခေမာသီရိကျောင်းတိုက်၌ အခြေပြု၍ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**❑ အားကစားပြိုင်ပွဲများမှ**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိအားကစားရုံ(A)တွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ ပူးတွဲတတိယ ဆုရအသင်းများနှင့် မျိုးဆက်သစ် အမျိုးသား တံခွန်စိုက်ဒိုင်းဆုကို ရွှေ နှစ်ခု၊ ငွေသုံးခု၊ ကြေး သုံးခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် မျိုးဆက်သစ် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေ သုံးခု၊ငွေတစ်ခု၊ကြေး တစ်ခုရရှိသော နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေခြောက်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုရရှိသော နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေ ငါးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့က အသီးသီးရရှိကြပြီး ဆုရရှိသည့်အသင်းများနှင့် ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသား၊ အမျိုးသမီး အကောင်းဆုံး ကစားသမားဆုရရှိသူများနှင့် ရွှေ ၂၂ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၂ ခု ရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တာဝန်ရှိသူတစ်ဦးက ငွေသားဆုနှင့် အမျိုးသား၊ အမျိုးသမီး ဂျူဒိုအားကစားပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဒိုင်းကို ချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပလျက်ရှိသော တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ (၆) မီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ (၇) သံပြားဝိုင်းပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ၂၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ (၈) တုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ (၉) လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ (၁၀) မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့်တပ်မတော်ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီး ကွာတားအဆင့်ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက် (က)တန်း၊ အမျိုးသား ဗန်တိုအတိုက် (ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက် (က) တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက်အတိုက် (က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက်အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီးဓားတစ်လက် အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားနှစ်ယောက်အတွဲ တိုက်စွမ်းရည်ပြပြိုင်ပွဲများ၊ အမျိုးသားသုံးယောက်အတွဲ တိုက်စွမ်းရည်ပြ ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆) အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်း လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ စိန်ပန်းခန်းမ(၂)၌ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲ လူသစ်တန်း၊ အကြီးတန်း၊ အသင်းလိုက် ခတပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ၊ ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြီးတန်း ကုမိတဲ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ အသီးသီးယှဉ်ပြိုင်ကစားကြသည်။

၅၆ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့် အကြိုဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရာရှိ၊စစ်သည်၊မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့




# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။



**နေပြည်တော် အောက်တိုဘာ ၈**

သမိုင်းစဉ်ကာလ တစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံ တွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့် လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း(လယ်သာ)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင်ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များ၊ တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများကို မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက်ကျောင်းသား၊ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်ခြင်း

၁။ စားသောက်ဆိုင်လုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀ (က) (၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူများထံမှ တစ်ပါတည်းကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ ဥပဒေနှင့်အညီ အခွန်တာဝန်ကျေပွန်ပြီး နိုင်ငံကြီးသားပီသသည့် စားသုံးသူများနှင့် စားသောက်ဆိုင်များမှ လိုက်နာဆောင်ရွက်မှုများတိုးတက်လာသော်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ လုပ်ငန်းရှင်အချို့သည် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာထုတ်ပေးရန် ပြဋ္ဌာန်းချက်အပေါ် လိုက်နာဆောင်ရွက်မှု အားနည်းနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ စားသုံးသူများအနေဖြင့် စားသောက်ဆိုင်သို့ ကျသင့်ငွေပေးချေချိန်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသောပြေစာကို တောင်းယူခြင်းဖြင့်လည်းကောင်း၊ စားသောက်ဆိုင်များအနေဖြင့်လည်း စားသုံးသူများက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများကို မဖြစ်မနေထုတ်ပေးရန် တာဝန်ရှိပါသည်။

၄။ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာထုတ်ပေးရန် တာဝန်ပျက်ကွက်သည့် စားသောက်ဆိုင်လုပ်ငန်းရှင်များကို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၄၀ (က) အရ ပျက်ကွက်မှုများအလိုက် ဒဏ်ကြေးငွေများတပ်ရိုက်လျက်ရှိပါသည်။ ကောက်ခံရဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူများအား ဆုကြေးငွေအဖြစ် ချီးမြှင့်လျက်ရှိပြီး သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းပြုမည်မဟုတ်ပါ။

၅။ သို့ဖြစ်ပါ၍ စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် ဒဏ်ကြေးငွေတပ်ရိုက်ခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက် စားသုံးသူများထံမှ ရောင်းရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာထုတ်ပေးရန်နှင့်ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ လစဉ်ပေးသွင်းရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၃၃၃ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၈**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၃၃၃ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ (၈ - ၁၀ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | သာယာဝတီ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဖောင်းတူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဟသ်ာတ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

❍ ဥပဒေဘောင်အတွင်းဝင်ရောက်မှု

အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများ အပေါ် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံ လျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ယုံကြည်အားကိုး မှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်း ပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များအပေါ် နားလည်သဘောပေါက်လာ ကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများ နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက် သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိရာ DPLA အမည်ခံ အဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး သုံးဦး၊ TNLA အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၂ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေ ဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ သဖြင့် မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်း တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်း အရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့ နှင့်အတူပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် သေနတ် သုံးလက်၊ ပစ္စတိုသေနတ် နှစ် လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူ သည်။ ၎င်းနောက် တိုင်းမှူးက မောင်းပြန် ရိုင်ဖယ် သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀၊ ပစ္စတိုသေနတ် နှစ်လက်အတွက် ငွေကျပ်သိန်း ၆၀၊ လက်ပစ်ဗုံး တစ်လုံး အတွက် ငွေကျပ် သုံးသိန်း၊ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာသူ ၂၂ ဦး အတွက် တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၂ သိန်း စုစုပေါင်းဆုကြေးငွေကျပ် ၂၃၅ သိန်းနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်းဝင်ရောက် လာကြသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများကို ခံဝန်ကတိ လက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန် တကယ်လိုလားကြသည့် ဥပဒေဘောင် အတွင်းပြန်လည်ဝင်ရောက်လာကြသူများ ကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်း အပ်နှံခဲ့မှုအနေဖြင့် မတ္တရာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အောင်မြေသာစံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ကျောက်မဲမြို့နယ်မှ အမျိုးသား တစ်ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး သုံးဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မုံရွာ မြို့နယ်မှ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၂ ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် DPLA၊ TNLA နှင့် PDF အဖွဲ့များသည် မိသားစုဝင်ဆွေမျိုး များနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့ များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင် တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည် လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်း စွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှု များဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူ လူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကို ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှု များ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူ များထံ စနစ်တကျပြန်လည်လွှဲအပ်ပေး လျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများ အတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာ ကြသူများ၏ ရင်တွင်းစကားသံများကို လည်း ယခုကဲ့သို့ကြားသိရပါသည်-

"PDF အဖွဲ့ထဲကို ရောက်ရှိသွားတာ ကတော့ သူငယ်ချင်းအပေါင်းအသင်းတွေ မြှူဆွယ်ရာမှာ ရောက်ရှိသွားတာဖြစ်ပါ တယ်။ PDF အဖွဲ့ထဲတွေ့ကြုံခဲ့ရတာ ကတော့ ခက်ခဲပါတယ်။ စားရေးသောက် ရေးကအစ အကုန်လုံးခက်ခဲခဲ့ပြီးတော့ ပင်ပန်းခဲ့တယ်။ ပင်ပန်းဆင်းရဲတဲ့အတွက် ကျွန်တော်လဲ အလင်းဝင်ရောက်လာဖို့ အတွက် ဆုံးဖြတ်လိုက်တာပါ။ နေထိုင်တဲ့ ကာလအနေနဲ့ ကျွန်တော်လေးနှစ်လောက် နေခဲ့ရပါတယ်။ တာဝန်ယူတာကတော့ နောက်ဆုံးအဆင့်မှာတော့ တပ်ရင်းမှူး Level နဲ့ ကျွန်တော် တာဝန်ယူခဲ့ရပါတယ်။ နေရာဒေသအနေနဲ့ တာဝန်ထမ်းဆောင် ခဲ့စဉ်ကတော့ သပိတ်ကျင်းနယ်မှာ တာဝန် ထမ်းဆောင်ခဲ့ရပါတယ်။ တပ်မတော် စစ်ကြောင်းနဲ့ တိုက်ခိုက်ခဲ့ဖူးတာတွေ လဲ ရှိခဲ့ပါတယ်။ အတွေ့အကြုံဖြစ်စဉ်




များပါတယ်။ ထိခိုက်ကျဆုံးတာတွေလဲ ရှိခဲ့ပါတယ်။ အလင်းဝင်ရောက်လာဖို့ စတင်ဆုံးဖြတ်ခဲ့တဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ဒီအကြမ်းဖက်အဖွဲ့အစည်း ကနေ တရားမျှတမှုမရှိတဲ့အတွက် ယုံကြည်မှုမရှိလို့ပါ။ အလင်းဝင်ပြီးနောက် ပိုင်းမှာတော့ ကျွန်တော့်မိသားစုနဲ့အတူ နေပြီး တပ်မတော်အတွက် နိုင်ငံ့တာဝန်ကို ပြန်လည်ကူညီဆောင်ရွက်ပေးသွားမယ် လို့ ဆုံးဖြတ်ချက်ချထားပါတယ်"ဟု ပြောသည်။ (၅၀၁)

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၈

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့် နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ဖြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ၈-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၀ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၃၇၅,၆၁၃.၃၃ | ၃,၂၁၉,၅၆၇.၀၀ | ၂၇,၈၀၈,၂၆၈.၉၉ | - |

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင် များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက် တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ် ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင် သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင် ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်း အဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင် နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထား သူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့ စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေး နိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန် ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထား သူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့ စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေး နိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင် နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ ပေးနိုင်သည်။







# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံ ၆၃၅ လုံးကို အပိုင်း သုံးပိုင်းခွဲ၍လည်းကောင်း၊ ရွှေကုက္ကိုလ်နယ်မြေ




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ အလုံး ၁၄၀ အနက် ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးကိုလည်းကောင်း စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို ယမ်းဖြင့် မဖြိုဖျက်မီ တွေ့ရစဉ်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံ တစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၆၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့်ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယနေ့တွင် စနစ်တကျဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို ယမ်းဖြင့် စနစ်တကျ ဖြိုချဖျက်ဆီး ပြီးစီးမှုကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့်အဆောက်အအုံများကို အမြန်ဆုံးဖြိုချဖျက်ဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်- လောင်းလုံး - ကျောက်နီမော်- ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့် နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ကျေးရွာ ရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးများသည် လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများဖယ်ရှားခြင်း၊ သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဗျာ၊ ပညွင်း၊ ညွှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်းကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိရေဘေးသင့်ဒေသခံပြည်သူများကိုလည်း နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသားတစ်ဦးကို ဓားဖြင့်ထိုးသတ်ဖြတ်၍ ငွေကျပ်သိန်း ၈၀၀ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာကျောင်းလမ်းနှင့် စိန်ပန်းလမ်းထောင့် တိုက်အမှတ်(၅၉)ဘေး၌ ရပ်တန့်ထားသည့် BGO-27 9R/3323 MISUBISHI XPANDER မော်တော်ယာဉ်ပေါ်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁၈)ရပ်ကွက်နေ ဦးဟန်ညွန့် ၆၉ နှစ်မှာ ခန္ဓာကိုယ်တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေပြီး ယာဉ်ပေါ်တွင်ပါရှိသည့် ငွေကျပ်သိန်း ၈၀၀ ထည့်ထားသော လက်ဆွဲအိတ်မှာ ပျောက်ဆုံးနေသဖြင့် ပိုင်ရှင်ဖြစ်သူ ဖျာပုံမြို့ အမှတ်(၉) ရပ်ကွက်နေ ဦးကျော်လင်း ၅၄ နှစ်မှ ၎င်း၏ယာဉ်မောင်းဖြစ်သူအားသတ်ဖြတ်၍ ငွေများ လုယက်ယူဆောင်သွားသူ တရားခံကို ဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းချက်အရ လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်းက (ပ)၁၁၈၆/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူတရားခံကို ဖမ်းဆီးရမိနိုင်ရေးအတွက် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ ယင်းနေ့ည ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပန္နတ်ကျေးရွာနေ တရားခံ လျှမ်းထက်အောင် ၂၃ နှစ်ကို လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ငွေကျပ်သိန်း ၅၄၀ နှင့် ၎င်းငွေဖြင့် ဝယ်ယူထားသည့် iphone 18 Pro Max အမျိုးအစား ဖုန်းတစ်လုံး၊ နားကြပ် တစ်စုံနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ လျှမ်းထက်အောင်၏စစ်ဆေးချက်အရ ၎င်းသည် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံဝင်းရှိ ဦးကျော်လင်း၏ “ကျော်လင်း၊ AJ” ပွဲရုံတွင် စာရေးဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ပြီး ယာဉ်မောင်းဖြစ်သူ ဦးဟန်ညွန့်မှာ အပတ်စဉ် ဖျာပုံမြို့မှ ကုန်လာဝယ်လေ့ရှိသဖြင့် ခင်မင်ရင်းနှီးကြောင်း၊ ၎င်းသည် စက်တင်ဘာ ၁၉ ရက်တွင် အဆိုပါပွဲရုံမှ အလုပ်ထွက်ခဲ့ပြီးနောက် ငွေကြေးလိုအပ်ချက်အရ အပတ်စဉ် ကုန်လာဝယ်လေ့ရှိသည့် ဦးကျော်လင်း ပိုင်ငွေများကို လုယက်ရန်ကြံစည်ခဲ့ကြောင်း၊ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ဘုရင့်နောင်ပွဲရုံဝင်းရှိ ငုဝါလမ်း၌ အသင့်စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း ဦးဟန်ညွန့်မှာ တစ်ဦးတည်း မော်တော်ယာဉ်ဖြင့် ရောက်ရှိလာသဖြင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားအိမ်ရာဘက်သို့ လိုက်ပို့ပေးရန် ခေါ်ဆောင်သွားခဲ့ကာ အခင်းဖြစ်နေရာအရောက်၌ အသင့်ပါလာသော ဓားဖြင့် ဦးဟန်ညွန့်၏လည်ပင်းကို ခုနစ်ချက်ခန့် ထိုးသတ်ခဲ့ပြီးနောက် ယာဉ်နောက်ခန်းတွင်းရှိ ငွေကျပ်သိန်း ၈၀၀ ထည့်ထားသော အိတ်ကိုလုယက်ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုး၊အသွား ၁၅ လက်မခွဲခန့်ရှိ



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသားတစ်ဦးကို ဓားဖြင့်ထိုးသတ်ဖြတ်၍ ငွေကျပ်သိန်း ၈၀၀ ကို လုယက်မှုကျူးလွန်ခဲ့သူတရားခံနှင့်သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ဓားဦးချွန်ဓားမြှောင် တစ်ချောင်းကို လှိုင်မြို့နယ် အမှတ်(၁၅)ရပ်ကွက် ဘုရင့်နောင်လမ်းဘေးရှိ ရေမြောင်းထဲမှ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ အမျိုးသားတစ်ဦးကို သတ်ဖြတ်၍ ငွေကျပ်သိန်း ၈၀၀ လုယက်ယူဆောင်ခဲ့သူ တရားခံ လျှမ်းထက်အောင်ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် ''Htun Naing'' TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပွတ်တိုင်ကျေးရွာနေ ထွန်းနိုင်လင်း ခေါ် ပွတ်တိုင်နှင့် ''MIN315561'' TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မလှိုင်မြို့နယ် သက္ကယ်ကျင်းကျေးရွာနေ မင်းသိန်းတို့နှစ်ဦးကို ည ၈ နာရီ မိနစ် ၅၀ တွင် ချောင်းခွနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ဆီနီဂေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားနေသဖြင့် ရေဘေးသတိပေးချက်ထုတ်ပြန်ထား



**ဒါကာ အောက်တိုဘာ ၈**

ဆီနီဂေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး အောက်တိုဘာလပထမပတ်မှစတင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသဖြင့် ယနေ့တွင် ရေဘေးသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ဆီနီဂေါမိုးလေဝသဌာန၏ မှတ်တမ်းများအရ ရာနရှူးမြို့တွင် မိုးရေချိန် ၁၄၂ မီလီမီတာထိ ရွာသွန်းခဲ့ပြီး ဒါကာမြို့ယော့ဖ်ဒေသတွင်လည်း ၁၃၈ မီလီမီတာထိ မိုးရွာသွန်းခဲ့ကြောင်း၊ ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေစီးရေလာစနစ်များ ပျက်စီးကာ ရေကြီးမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် လမ်းများ ရေနစ်မြုပ်ခဲ့သဖြင့် ကူးသန်းသွားလာရေး ခက်ခဲသည့်အပြင် ဒါကာမြို့တွင်လည်း လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ရေဝင်ရောက်ခဲ့သောကြောင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိုးထပ်မံရွာသွန်းနိုင်သဖြင့် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ထို့ပြင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းပါက ရေကြီးရေလျှံမှုအန္တရာယ်ရှိသည့် ဒေသများတွင် နေထိုင်သည့် ဒေသခံများအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းကြရန်နှင့် မိုးလေဝသဌာန၏ ထုတ်ပြန်ချက်၊ ညွှန်ကြားချက်များကို လိုက်နာကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

လက်ရှိတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ခဲ့သည့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် အရေးပေါ်ကူညီရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ဒေသခံ ၄၅၅၀၀ ကျော် ရေဘေးသင့်ခဲ့

**နယူးဒေလီ အောက်တိုဘာ ၈**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းအာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ဒေသခံ ၄၅၅၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများဖြစ်သော အာသံ၊ အရူနာချယ်ပရာဒက်ရှ်နှင့် ဆစ်ကင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အထူးသဖြင့် အာသံပြည်နယ်တွင် မြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာများ ရေလွှမ်းမိုးခဲ့ပြီး ဒေသခံ ၄၅၅၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း၊ အရူနာချယ် ပရာဒက်ရှ်ပြည်နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပြီး လူလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် အရူနာချယ်ပရာဒက်ရှ်ပြည်နယ်ရှိ ဒေသတချို့တွင် မြေပြိုမှုများကြောင့် လမ်းများ ပိတ်ဆို့ခဲ့ပြီး တံတားများ ပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှု ဆက်လက် ဖြစ်ပေါ်နိုင်သဖြင့် မြေပြိုနိုင်သည့် တောင်တန်းဒေသများနှင့် မြစ်ချောင်းအနီး နေထိုင်သူများကို သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားပြီး အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်မှုများ ဆက်လက်ဖြစ်ပေါ်ပါက ရေကြီးခြင်းနှင့် မြေပြိုမှုအန္တရာယ်များ ထပ်မံမြင့်တက်နိုင်သဖြင့် ကယ်ဆယ်ရေးအဖွဲ့များကို အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်ဖြန့်ထားသည်ဟု ဒေသအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ ကီလိုအေးရာမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး မီးတောင်ထိပ်မှ ပြာမှုန်နှင့်ချော်ရည်များ ထွက်ပေါ်နေ

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိကီလိုအေးရာမီးတောင်သည် အောက်တိုဘာ ၇ ရက် ညပိုင်းက ပေါက်ကွဲမှုဖြစ်ပွားပြီး မီးတောင်ထိပ်မှ ပြာမှုန်နှင့် ချော်ရည်များ ထွက်ပေါ်နေကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးအဖွဲ့ (USGS) က ယနေ့တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

ကီလိုအေးရာမီးတောင်မှ မီးတောင်ပြာများသည် မီးတောင်ထိပ် ငါးကီလိုမီတာခန့်အတွင်း ပျံ့နှံ့နေပြီး လေတိုက်ခတ်မှုကြောင့် ပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့နိုင်ကြောင်း၊ ချော်ရည်များလည်း မီးတောင်၏ မြောက်ဘက်နှင့် တောင်ဘက် လေဝင်လေထွက်ပေါက်များမှ ထွက်ပေါ်စီးဆင်းနေကြောင်း သိရသည်။



ဟာဝိုင်ရီမီးတောင်စောင့်ကြည့်ရေးဌာန၏ မီးတောင် အခြေအနေ ထုတ်ပြန်ချက်အရ မီးတောင်ထိပ်ဝန်းကျင်၌ ငလျင်ငါးကြိမ် လှုပ်ခတ်ခဲ့သဖြင့် မီးတောင်ထိပ်ပိုင်းတွင် မြေမျက်နှာပြင်ဖောင်းပွမှု အနည်းငယ်ရှိနေကြောင်း၊ ထို့ပြင် ငလျင်များ လှုပ်ခတ်ခဲ့မှုကြောင့် မီးတောင်အတွင်း ဖိအားမြင့်တက်နေကာ မီးတောင်ချော်ရည်များ ပိုမိုမြင့်မားစွာ ထွက်ပေါ်လာနိုင်သဖြင့် စောင့်ကြည့်နေကြောင်း၊ လက်ရှိတွင် ဟာဝိုင်ရီ မီးတောင်စောင့်ကြည့်ရေးဌာနက ကီလောအာမီးတောင်ကိုလည်း လေကြောင်းပျံသန်းမှုဆိုင်ရာ လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# စပိန်နိုင်ငံတွင် တောမီးလောင်ကျွမ်းရာမှ ထွက်လာသောပြာများက ရေချိုအရင်းအမြစ်များကို ညစ်ညမ်းစေသဖြင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်

**မက်ဒရစ် အောက်တိုဘာ ၈**

စပိန်နိုင်ငံ အလယ်ပိုင်းတွင် တောမီးလောင်ကျွမ်းရာမှ ထွက်လာသောပြာများက ဒေသတွင်း ရေချို အရင်းအမြစ်များကို ညစ်ညမ်းစေသဖြင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

စပိန်နိုင်ငံ အာဗီလာပြည်နယ် ဘာဂိုဟွန်ဒိုမြို့နယ်တွင် တောမီးကြောင့် သစ်တောမြေ ဟက်တာ ၃၃၉၀၀ ကျော် ပျက်စီးခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် ပြာများနှင့် မြေဆီလွှာအကြွင်းအကျန်များက မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မြစ်များအတွင်း စီးဝင်လာသဖြင့် ဒေသခံများ၏ ရေချိုအရင်းအမြစ်များ ညစ်ညမ်းလာပြီး သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေရကြောင်း သိရသည်။

ပြာများနှင့်မြေဆီလွှာအကြွင်းအကျန်များကြောင့် ကာဆာဗီယေဟာမြစ်၊ အယ်ဘာချေးမြစ်၊ အယ်ဘာဂီးယို ရေလှောင်ကန်အပါအဝင် ပီယေဒရာလာဗက်စ်နှင့် မီဟာရက်စ်မြို့နယ်တို့မှ မြစ်ငယ်များလည်း ညစ်ညမ်းခဲ့ရကြောင်း၊ ကာဆာဗီယေဟာမြစ်၊ အယ်ဘာချေးမြစ်၊ အယ်ဘာဂီးယိုရေလှောင်ကန်တို့သည် အနီးဝန်းကျင်မှ ဒေသခံများ၏ အဓိကသောက်သုံးရေ အရင်းအမြစ်များဖြစ်ပြီး ၎င်းတို့မှတစ်ဆင့် ပိုက်လိုင်းများဖြင့် သွယ်တန်း၍ ဒေသခံများ၏ နေအိမ်များသို့ ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ရေအရင်းအမြစ်များ ညစ်ညမ်းသွားသဖြင့် ပိုက်လိုင်းရေကို သောက်သုံးရန် မသင့်တော်ကြောင်း အာဏာပိုင်များက သတ်မှတ်ခဲ့ပြီးနောက် ရေသန့်ဘူးနှင့် ရေတင်ယာဉ်များကို အသုံးပြုနေရကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ကွန်ဂိုနိုင်ငံတွင် မိုးသစ်တောများ အလွန်အကျွံ ခုတ်ထွင်ရှင်းလင်းမှုများကြောင့် ပြုန်းတီးမှုမြင့်မားလျက်ရှိ

**ကင်ရှာဆာ အောက်တိုဘာ ၈**

ကွန်ဂိုနိုင်ငံတွင် မိုးသစ်တောများ အလွန်အကျွံ ခုတ်ထွင်ရှင်းလင်းမှုများကြောင့် ပြုန်းတီးမှု မြင့်မားလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ကွန်ဂိုနိုင်ငံတွင် သစ်တောပြုန်းတီးရခြင်းသည် အဓိကအားဖြင့် အသေးစား စိုက်ပျိုးရေးအတွက် သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချက်ပြုတ်ရန် ထင်းနှင့် မီးသွေးကဲ့သို့ လောင်စာလိုအပ်ချက်မြင့်မားခြင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် လူနေအိမ်ရာများ တိုးချဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

သစ်တောပြုန်းတီးမှုမှာ ၂၀၂၅ ခုနှစ်က နိုင်ငံ၏ မူလအပူပိုင်း မိုးသစ်တော ဟက်တာ ၅၆၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ ထိုပမာဏသည် ကွန်ဂိုမြစ်ဝှမ်း မိုးသစ်တောများ ထိန်းသိမ်းရေးအတွက် စိုးရိမ်စရာအခြေအနေ တစ်ရပ်ဖြစ်နေကြောင်း၊ ယခုနှစ် အပူပိုင်း မိုးသစ်တောမြေဧရိယာ ဆုံးရှုံးမှုကို စိစစ်ဆဲဖြစ်ကြောင်း ကွန်ဂိုနိုင်ငံ သစ်တောစောင့်ကြည့်ရေး အချက်အလက်များအရ သိရသည်။

ကွန်ဂိုမြစ်ဝှမ်း မိုးသစ်တောသည် အမေဇုန်မိုးသစ်တောပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး အပူပိုင်း မိုးသစ်တောဒေသဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူသိုလှောင်ပေးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းပေးခြင်းတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် သစ်တောပြုန်းတီးမှု ဆက်လက်မြင့်မားနေပါက ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဂေဟစနစ်များအပေါ် သက်ရောက်မှုများ ပိုမိုကြီးမားလာနိုင်သည်ဟု သစ်တောထိန်းသိမ်းရေးသုတေသီများက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# နေကြာအထွက်တိုးလို့ဝင်ငွေကြွယ် ခေတ်မီနည်းစနစ်သုံးပြီးစိုက်ကြမယ်

စိုးမိုးဝင်း(စိုက်ပျိုးရေး)

ကမ္ဘာ့နေကြာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံအဖြစ် ရုရှားနိုင်ငံက ဦးဆောင်နေဆဲဖြစ်ပြီး အာဂျင်တီးနား၊ တူရကီနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့သည် တတိယနှင့်စတုတ္ထနေရာတို့မှ အသီးသီးလိုက်ပါလျက်ရှိသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံကဲ့သို့သော ဆီစားသုံးသည့် နိုင်ငံကြီးများသည် ရုရှားနှင့်အာဂျင်တီးနားနိုင်ငံတို့ထံမှ နေကြာဆီ ပိုမိုတိုးမြှင့်ဝယ်ယူလာကြောင်း လေ့လာတွေ့ရှိရသည်။

ကမ္ဘာ့အကြီးဆုံး စားသုံးဆီတင်သွင်းသည့် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ကြားတွင် တည်ရှိနေခြင်းသည် မြန်မာနိုင်ငံအတွက် ရေမြေနှင့် ပထဝီဝင်အနေအထားအရအလွန်ကြီးမားသောမဟာဗျူဟာမြောက် စီးပွားရေးအခွင့်အလမ်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို ပထမအဆင့်အနေဖြင့် အောင်မြင်အောင်ဆောင်ရွက်ပြီးနောက် ဆီစားနေကြာစိုက်ပျိုးထုတ်လုပ်မှုကို စနစ်ကျသောကုန်ထုတ်လုပ်မှုကွင်းဆက်တစ်ခုအဖြစ် အဆင့်မြှင့်တင်နိုင်ပါက အိမ်နီးချင်းဈေးကွက်ကြီးများထံသို့ တင်ပို့နိုင်မည့်အလားအလာရှိသည်။ ပြည်ပသို့ နေကြာဆီအောင်မြင်စွာတင်ပို့နိုင်လျှင် တောင်သူဦးကြီးများသည် ပုံမှန်ထက်မြင့်သောဈေးကောင်းကိုရရှိကာ ဝင်ငွေများတိုးတက်လာနိုင်သည်။ ဤရွှေရောင်အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ရန် လက်ရှိအချိန်တွင် ပြည်ပဈေးကွက်က လက်ခံနိုင်သည့် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် အထူးပင်ကြိုးစားအားထုတ်သင့်သည်။

**နေကြာအထွက်နည်းခြင်း**

မြန်မာနိုင်ငံတွင် နေကြာသီးနှံ တစ်ဧကအထွက်နှုန်းမှာ ၁၅ တင်းမှ ၃၅ တင်းသာ ထွက်ရှိသည့်အတွက် အထွက်နည်းနေသည်ဟု ယူဆနိုင်သည်။ ပထမအချက်မှာ မျိုးစေ့ပြဿနာဖြစ်ပြီး တောင်သူအများစုသည် မိမိသိမ်းဆည်းထားသော သဘာဝဝတ်မှုန်ကူးမျိုးများကိုသာ အကြိမ်ကြိမ်ပြန်လည်စိုက်ပျိုးသဖြင့် မျိုးရိုးဗီဇညံ့ဖျင်းလာပြီး မျိုးသန့်စင်မှုအားနည်းနေသည်။ ဒုတိယအချက်မှာ အပင်ဦးရေမပြည့်မီခြင်းဖြစ်ပြီး တစ်ဧကတွင်ရှိရမည့် သတ်မှတ်အပင်ဦးရေရရှိရန် အတန်းလိုက်မစိုက်ပျိုးဘဲ ကြဲပက်စိုက်ပျိုးခြင်းကြောင့် အပင်ဦးရေလျော့နည်းကာ အထွက်နှုန်းကျဆင်းရခြင်းဖြစ်သည်။ တတိယနှင့် အရေးကြီးဆုံးအချက်မှာ ရာသီဥတုနှင့် ရေသွင်းမှုအပိုင်းဖြစ်ပြီး နေကြာပင်၏ အထိခိုက်မခံဆုံးဖြစ်သော အဖူးဝင်ချိန်နှင့် ပန်းပွင့်ချိန်များတွင် အစိုဓာတ်လုံလောက်စွာမရရှိခြင်း၊ အပူချိန်ပြင်းထန်ခြင်းတို့ကြောင့် နေကြာပွင့်ကြီးသော်လည်း အထဲတွင်အစေ့မပါဘဲ အဖျင်းများသွားခြင်းဖြစ်သည်။ ထို့ပြင် ဓာတ်မြေဩဇာ အချိုးကျမသုံးစွဲခြင်းနှင့် အစိုဓာတ်လုံလောက်အောင် ရေသွင်းမှုမရှိခြင်း၊ မိုးဦးစိုက်ဧရိယာများတွင် မိုးနည်းလျှင် အစိုဓာတ်မလုံလောက်ခြင်းနှင့် မိုးများလျှင် ရေဝပ်ခြင်းတို့ကြောင့်လည်းဖြစ်သည်။

**အထွက်တိုးနည်းစနစ်**

နေကြာသီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းပြည့်မီစေရန် တောင်သူဦးကြီးများအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို မလွဲမသွေဆောင်ရွက်ကြရမည်။

**မျိုးစေ့မှန်ခြင်း**

အထွက်နှုန်းကောင်း၍ အပင်ပေါက်ရာခိုင်နှုန်း ၈၀ မှ ၉၀ အထက်ရှိသော အထွက်ကောင်းမျိုးများဖြစ်သည့် အောင်စေ့နှုန်းမြင့်မားသော ရေဆင်းမျိုးနေကြာ-၁၊ ရေဆင်းမျိုးနေကြာ-၂ နှင့် နိုင်ငံတော်မျိုးစေ့ကော်မတီက အတည်ပြုထားသော နိုင်ငံခြားမျိုးများကိုရွေးချယ်သင့်သည်။ ထို့ပြင် သဘာဝဝတ်မှုန်ကူးမျိုးဖြစ်သည့် ဆင်းရွှေကြာ-၂ စသည့် အထွက်ကောင်းမျိုးသန့်များကိုသာ ရွေးချယ်ရမည်။ တစ်ဧကမျိုးစေ့နှုန်းထားအနေဖြင့် မျိုးနေကြာအသုံးပြုလျှင် သုံးကီလိုဂရမ်နှုန်း၊ အထွက်ကောင်းမျိုးများကိုအသုံးပြုလျှင် လေးပြည်နှုန်း အသုံးပြုရမည်ဖြစ်သည်။

**စိုက်ချိန်ရာသီမှန်ကန်ခြင်း**

နေကြာသည် အပူချိန် ၂၀-၂၅ ဒီဂရီစင်တီဂရိတ်တွင် ပိုမိုဖြစ်ထွန်းသည်။ အထူးသဖြင့် ပန်းပွင့်ချိန်တွင် ၂၁ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်ထိ



အပူချိန်ရရှိအောင် စိုက်ပျိုးချိန်ကို အပင်သက်တမ်းနှင့်ညှိ၍ စိုက်ပျိုးရမည်။ အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်ထက်ကျော်လျှင် သန္ဓေအောင်မှုကို ထိခိုက်ပြီး ဆီပါဝင်မှုလျော့နည်းသည်။ ထို့ပြင် ပျားများသည် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ဖြစ်နေလျှင် အပူချိန်ပြင်းထန်သဖြင့် ဝတ်မှုန်ပျက်စီးခြင်း၊ ပျားအလာနည်း၍ နေကြာပင်မျိုးမကူးစပ်နိုင်ခြင်းတို့ကြောင့် အထွက်နှုန်းနည်းသည်။

မြန်မာနိုင်ငံတွင် နေကြာကို မိုးရာသီနှင့် ဆောင်းရာသီတို့တွင်စိုက်ပျိုးသည်။ မိုးဦးကာလတွင် စိုက်လျှင် ပန်းပွင့်ချိန်၊ အစေ့ကြီးထွားချိန်တို့တွင် မိုးရွာမှုကြောင့် ပန်းပွင့်နှင့်အစေ့အုံများပျက်စီးခြင်း၊ ရောဂါကျရောက်မှုများခြင်း၊ ရေဝပ်တတ်ခြင်းတို့ကြောင့် များစွာအထွက်လျော့သည်။ ထို့ကြောင့် မိုးဦးသီးနှံဖြစ်သော နှမ်းလျှင်၊ မိုးမြေပဲ၊ ပြောင်းဖူးတို့ရိတ်သိမ်းအပြီး ဩဂုတ်လနှင့်စက်တင်ဘာလတို့တွင် စိုက်နိုင်သည်။ ဆောင်းနေကြာကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်သင့်သည်။

မိုးနှောင်းရာသီတွင် မိုးစပါး သို့မဟုတ် မိုးသီးနှံရိတ်သိမ်းချိန်ပေါ်မူတည်ပြီး နေကြာစိုက်ချိန် နောက်ကျတတ်သည်။ နေကြာကို ဒီဇင်ဘာလနောက်ပိုင်းမှ စိုက်လျှင် နေကြာပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်တို့သည် ဖေဖော်ဝါရီနှင့် မတ်လအတွင်းတွင် ဖြစ်သည့်အတွက် အပူချိန်မြင့်မားခြင်းနှင့် ကြုံတွေ့ရသည်။ ပန်းပွင့်ချိန်တွင် ပုံမှန်အပူချိန်ထက်ကျော်လွန်လျှင် အဖိုဝတ်မှုန်များ၏ ရှင်သန်နိုင်မှုစွမ်းရည်ကို ထိခိုက်စေနိုင်ပြီး အစေ့၏အရွယ်အစားနှင့် အရေအတွက်ကို ထိခိုက်စေသည်။

ထို့ကြောင့် နေကြာကို ပန်းပွင့်ချိန်နှင့်အစေ့အဆန်ဖြည့်ချိန်အတွင်း လိုအပ်သောအပူချိန်နှင့် အစိုဓာတ်သင့်လျော်မည့်အခြေအနေတို့နှင့် ကိုက်ညီအောင် ချိန်ညှိစိုက်သင့်သည်။ မိုးဦးရာသီနှင့် နွေဦးပေါက်ရာသီတို့တွင် နေကြာစိုက်ခြင်းကို ရှောင်ရမည်။

**တစ်ဧကအပင်ဦးရေ ပြည့်မီအောင်စိုက်ခြင်း**

နေကြာအထွက်နှုန်းသည် တစ်ဧကတွင်ရှိသည့် အပင်ဦးရေပေါ်တွင် မူတည်သည်။ တစ်ဧကတွင် အပင်ဦးရေ ၂၀၄၈၀ ရှိပြီး တစ်ပင်မှ နေကြာစေ့နို့ဆီဘူးတစ်ဝက်ရလျှင် တင်း ၈၀ ထွက်သည်။ နေကြာကို ကြဲပက်စိုက်ပျိုးခြင်းထက် "တန်းကြားနှစ်ပေ၊ ပင်ကြား ကိုးလက်မ" စနစ်ဖြင့် စနစ်တကျတန်းစီစိုက်ရမည်။ တစ်ကျင်းလျှင် မျိုးစေ့နှစ်စေ့နှုန်း စိုက်ပြီးနောက် အပင်သက်တမ်း ၁၅ ရက်သား သို့မဟုတ် အရွက်လေးရွက်မှ ခြောက်ရွက်ရှိချိန်တွင် တစ်ကျင်းလျှင် သန်စွမ်းသောအပင်တစ်ပင်စီသာ ချန်၍ သားခွဲပေးခြင်းအားဖြင့် တစ်ဧကတွင် အပင်ဦးရေ ၂၉၀၀၀ ရရှိနိုင်သည်။ ထို့ကြောင့် တစ်ဧကလျှင် ၇၅ တင်းထွက်နိုင်သည်။

**စနစ်တကျမြေပြုပြင်ခြင်းနှင့် အာဟာရကျွေးခြင်း**

နေကြာသည် အမြစ်နက်နက်ဆင်းသော သီးနှံဖြစ်သဖြင့် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်ရရှိအောင် မြေကို သေချာစွာပြုပြင်ရမည်။ မြေခံအဖြစ် တစ်ဧကလျှင် ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်၊ ပိုတက်ရှ် ၅၆ ပေါင်နှင့် သဘာဝမြေဩဇာ နွားလှည်း ငါးစီးမှ ၁၀ စီး ထည့်ပေးရမည်။ အဖူးဝင်ချိန်တွင် ယူရီးယား ၅၆ ပေါင်ထပ်ထည့်၍ အပင်ယိုင်လဲမှုမရှိအောင် မြေပေါင်တင်ပေးခြင်းကို စနစ်တကျလုပ်ဆောင်ပေးရမည်။

**ရေသွင်းပေးခြင်း**

နေကြာသည် သက်တမ်းတစ်လျှောက် ရေများစွာမလိုအပ်သော်လည်း အဖူးဝင်ချိန်နှင့် ၅၀ ရာခိုင်နှုန်းပန်းပွင့်ချိန်တို့တွင် ရေလိုအပ်ပါက ရေသွင်းပေးရမည်။ ရေသွင်းလျှင် ရေမဝပ်အောင် ဂရုစိုက်ရမည်။ ထိုအချိန်များတွင် ရေတစ်ကြိမ်စီ သွင်းပေးနိုင်လျှင် အဖျင်းကင်းစင်ပြီး ဆီထွက်နှုန်းကောင်းမွန်သောအောင်စေ့များကို ရရှိနိုင်သည်။

သတိထားရန်အချက်များအနေဖြင့် ပိုးမွှားရောဂါကာကွယ်ရန် ပန်းပွင့်ချိန်တွင် ပိုးသတ်ဆေးဖျန်းခြင်းသည် ပျားများကိုသေစေနိုင်သဖြင့် ညနေ ၅ နာရီနောက်ပိုင်းမှသာ ဆေးဖျန်းရမည်။ အပင်ဖြစ်ထွန်းမှုကာလအတွင်း ကြားထွန်လိုက်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် ရေသွင်းခြင်းတို့ကို စိုက်ခင်းအခြေအနေနှင့် မြေအစိုဓာတ်တို့ပေါ်မူတည်၍ ဆောင်ရွက်ရမည်။ နေကြာပန်းပွင့်များ ဝတ်မှုန်ကူးပြီး အစေ့အဆန်အောင်မြင်စေရန် တစ်ဧကလျှင် ပျားပုံးတစ်ပုံး၊ နှစ်ပုံး ချထားပေးရမည်။ ထို့ပြင် လူဖြင့် ဖြည့်စွက်ဝတ်မှုန်ကူးခြင်းကိုလည်း ဆောင်ရွက်ပေးသင့်သည်။ ပန်းပွင့်တစ်ပွင့်သည် ပွင့်ရန် ငါးရက်မှ ၁၀ ရက်ထိကြာသည်။

ပန်းပွင့်များသည် နံနက် ၈ နာရီတွင် စတင်ဝတ်မှုန်ကူးသည်။ ထို့ကြောင့် ဖြည့်စွက်ဝတ်မှုန်ကူးခြင်းကို နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း တစ်ရက်ခြားဆောင်ရွက်ပေးရမည်။ နေကြာဝတ်မှုန်ကို နေကြာရွက်၊ တို့ပတ်၊ နူးညံ့သောအဝတ်၊ တစ်ရှူးစ တစ်ခုခုဖြင့် တစ်ပွင့်မှ အခြားတစ်ပွင့်သို့ အသာအယာတို့ထိပြီး ဝတ်မှုန်ကူးပေးရမည်။

**မိသားစုဆီဖူလုံတဲ့နေကြာ**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ တောင်သူတစ်ဦးကို ၂၀၂၄ ခုနှစ်က မေးမြန်းခဲ့ဖူးရာ နေကြာတစ်ဧကကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ဖြစ်ပြီး တစ်ဧကမှ ၁၅ တင်းထွက်ရာ တစ်တင်း ငွေကျပ် ငါးသောင်းဖြင့် ငွေကျပ်ခုနစ်သိန်းခွဲရ၍ အကျိုးအမြတ် ငွေကျပ်လေးသိန်းခွဲခန့်ရကြောင်း၊ သို့သော် ထိုတောင်သူမှာ နေကြာကိုမရောင်းဘဲ ဆီကြိတ်ပြီး စားသဖြင့် နေကြာနှစ်ဧကစိုက်ထားရာ မိသားစုအတွက် တစ်နှစ်စာဆီဖူလုံကြောင်း သိရသည်။

ယခုနှစ်အခြေအနေတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ နေကြာစိုက်တောင်သူတစ်ဦး၏ နေကြာ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုးစေ့ဝယ်ယူခြင်း၊ သွင်းအားစုများ၊ မြေယာပြုပြင်ခြင်း၊ စိုက်ပျိုးကုန်ကျစရိတ်၊ ပိုးသတ်ဆေး စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၁၂၉၀၀၀၀ ကုန်ကျခဲ့ပြီး တစ်ဧကမှ ၂၈ တင်းထွက်၍ တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ဖြင့် ရောင်းချရာ ငွေကျပ် ၂၁၀၀၀၀၀ ရရှိသည်။ ထို့ကြောင့် နေကြာတစ်ဧကမှ အသားတင်အကျိုးအမြတ် ငွေကျပ် ၈၁၀၀၀၀ ရရှိသည်။ နေကြာသည် မျိုးနှင့်အထွက်အချိုးတွင်လည်း မြေပဲ၊ နှမ်းတို့နှင့်နှိုင်းယှဉ်လျှင် အကောင်းဆုံးဖြစ်သည်။

မြန်မာ့နေကြာသီးနှံသည် ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက အိမ်နီးချင်း တရုတ်နှင့် အိန္ဒိယနိုင်ငံကဲ့သို့သော ကမ္ဘာ့အကြီးဆုံး စားသုံးဆီဈေးကွက်ကြီးများထံသို့ပါ အောင်မြင်စွာတင်ပို့နိုင်မည့် မဟာဗျူဟာမြောက်သီးနှံဖြစ်သည်။ နေကြာကို နိုင်ငံခြားသို့ တင်ပို့နိုင်လျှင် တောင်သူဦးကြီးများသည် ပုံမှန်ထက်မြင့်သောဈေးကောင်းကိုရရှိနိုင်ပြီး ဝင်ငွေတိုးပွားနိုင်သည်။ ဈေးကွက်နှင့်ဝင်ငွေ အခွင့်အလမ်းကောင်းများရှိသည့် နေကြာသီးနှံကို တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို တောင်သူများအနေဖြင့် ဦးတည်ကြိုးပမ်းဆောင်ရွက်သင့်သည်။ ထို့ကြောင့် တောင်သူဦးကြီးများအနေဖြင့် မျိုးစေ့မှန်ခြင်း၊ စိုက်ပျိုးချိန်ရာသီမှန်ခြင်း၊ တစ်ဧကအပင်ဦးရေပြည့်မီအောင်စိုက်ခြင်း၊ စနစ်တကျမြေပြုပြင်ခြင်းနှင့် အာဟာရကျွေးခြင်း၊ အရေးကြီးဆုံးအချိန်တွင် ရေသွင်းပေးခြင်း စသည့်အချက်များနှင့် သတိထားရမည့်အချက်များကို စနစ်တကျဆောင်ရွက်နိုင်လျှင် နေကြာသီးနှံအမှန်အထွက်တိုးကာ ဝင်ငွေတိုးပွားပြီး ကြွယ်ဝချမ်းသာလာမည်ဖြစ်သည့်အတွက် နေကြာစိုက်ပျိုးရာတွင် ခေတ်မီနည်းစနစ်များကိုအသုံးပြုပြီး စိုက်ပျိုးကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။


**ကိုးကား**

- (၁၃-၈-၂၀၂၆)၊ စနစ်တကျစိုက်ပျိုး နေကြာအထွက်တိုးဆောင်းပါး၊ စားသုံးသူရေးရာဦးစီးဌာန၊(စစ်ကိုင်း)
- ဒေါက်တာချစ်(၂၀၀၇)၊ ကျေးလက်စီးပွားပြည်သူ့အင်အားစာအုပ်။
- ဒေါက်တာထွန်းဆိုင် ရေးသားပြုစုသော အခြေခံ စိုက်ပျိုးရေးနည်းပညာစာအုပ် (၂၀၁၀)

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ်လိုအပ်ချက်ရှိနေတဲ့ ချဲလ်ဆီးအသင်း၊ ဖီအိုရင်တီးနားအသင်း၊ လိုက်ပ်ဇစ်အသင်းတို့ကို ရွေးရမှာပါ



ဒီတစ်ပတ်မှာတော့ နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးသွားတာကြောင့် အမှတ်ပေးပြိုင်ပွဲတွေကို ပုံမှန်အတိုင်း ပြန်လည်ကျင်းပသွားမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်မှာတော့ အသင်းကြီးတွေဖြစ်တဲ့ လီဗာပူး၊ ချဲလ်ဆီး၊ မန်ယူအသင်းတို့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ စပါးအသင်းကတော့နိုင်ပွဲမရသေးတာကြောင့် အမှတ်ပေးဇယားအောက်ဆုံးထိရောက်နေတာကိုတွေ့ရမှာပါ။ လာလီဂါမှာတော့ ဗီလာရီးရဲလ်၊ ဘီလ်ဘာအိုအသင်း၊ စီးရီးအေမှာ ဂျူဗင်တပ်နဲ့ အတ္တလန်တာအသင်း၊ ပြင်သစ်လီဂူးဝမ်းမှာ ပီအက်စ်ဂျီအသင်းတို့ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ ဒါကြောင့် အသင်းကြီးတွေကို ချဉ်းကပ်တဲ့အခါမှာလဲ ကစားသမားစုဖွဲ့မှုနဲ့ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ပြီး သတိထားချဉ်းကပ်နေရတာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့စနေနေ့ညမှာတော့ အသင်းကြီးတွေထဲက နိုင်ပွဲရှာဖို့လိုအပ်ပြီး ဖိအားအောက်က ရုန်းထွက်ရမဲ့ အသင်းတွေဖြစ်တဲ့ ချဲလ်ဆီးအသင်း၊ ဖီအိုရင်တီးနားအသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ကို ရွေးချယ်ရမှာဖြစ်ပါတယ်။

**ချဲလ်ဆီးအသင်းရလဒ်ကောင်းမှာပါ**

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၆) မှာ အကြိုက်တွေ့တာကတော့ ချဲလ်ဆီးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ နည်းပြအလွန်ဆိုလက်ထက်မှာ ကစားသမားသစ်တွေ ထပ်မံခေါ်ယူပြီး ကစားကွက်ပိုင်းပြောင်းလဲနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့သူတို့အသင်းဟာ အမှတ်ပေးပွဲငါးပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရမှတ် ခုနစ်မှတ်သာရခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၁၀) မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ နည်းပြအနေနဲ့ အခုပွဲမှာ တိုက်စစ်ပိုင်းလိုအပ်ချက်နဲ့ ခံစစ်ကစားပုံကိုပြောင်းလဲနိုင်မှသာ နိုင်ပွဲရှာနိုင်မှာဖြစ်ပါတယ်။ လက်ရှိတိုက်စစ်ပိုင်းမှာတော့ ဂျာအိုပက်ထရို၊ နက်တို၊ ရော်ဂျာ၊ ပယ်မာတို့အတွဲနဲ့ ပွဲထွက်လာမယ်ဆိုရင်တော့ ဘုန်းမောက်အသင်းခံစစ်ပိုင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

ဘုန်းမောက်အသင်းကတော့ နည်းပြအီရာအိုလာထွက်ခွာသွားပေမဲ့ နည်းပြသစ်မာကိုရှိုစ်လက်ထက်မှာ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းကတော့ ပရီးမီးယားလိဂ်ငါးပွဲအပြီးမှာ သုံးပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ နိုင်ပွဲမရသေးဘဲ ရမှတ်သုံးမှတ်သာရခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁၇)နေရာမှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ဒါပေမဲ့ သူတို့အသင်းကစားပုံကတော့ ခံစစ်နဲ့တိုက်စစ်ကို အကောင်းဆုံးတွဲဖက်ကစားနိုင်တာကြောင့် အသင်းကြီးတွေအနေနဲ့ ဘုန်းမောက်နဲ့တွေ့ရင် ဂိုးရဖို့ခက်နေတာကို မန်စီးတီး၊ လီဗာပူး၊ နယူးကာဆယ်နဲ့ ပွဲစဉ်တွေမှာ တွေ့ရမှာပါ။ ဒ့ါပြင် ဘုန်းမောက်အသင်းဟာ တန်ပြန်တိုက်စစ်ဦးစားပေးပြီး တောင်ပံခံစစ်တွေက တိုက်စစ်လိုက်ပါလွန်းတာကြောင့် ချဲလ်ဆီးအသင်းလို လူငယ်ကစားသမားတွေစုဖွဲ့ထားတဲ့အသင်းကို နေရာလွတ်ပေးတာနဲ့ ဂိုးပေးရဖို့ များပါတယ်။ သူတို့နှစ်သင်းတွေ့ဆုံမှုမှာလဲ ချဲလ်ဆီးအသင်းက သာလွန်နေပြီး ဒီပွဲကိုနိုင်ပွဲရမှသာ ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်ခွင့်ရမဲ့ အိမ်ရှင်ချဲလ်ဆီးအသင်းပဲရလဒ်ကောင်းမှာပါ။

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၄ | - | ၃ | ဘရိုက်တန် |
| အာဆင်နယ် | ၂ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၆ | - | ၃ | လိဒ်ယူနိုက်တက် |
| ချဲလ်ဆီး | ၂ | - | ၂ | ဟူးလ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၀ | ချဲလ်ဆီး |

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၂ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၄ | - | ၀ | လင်ကွန်း |
| ဘုန်းမောက် | ၂ | - | ၂ | ဘရန့်ဖို့ဒ် |
| ဆိုစီဒက် | ၁ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၀ | - | ၁ | လီဗာပူး |

**ဖီအိုရင်တီးနားအသင်းနဲ့လက်တွဲရမှာပါ**

အီတလီစီးရီးအေပွဲစဉ် (၆) မှာ အကြိုက်တွေ့တာကတော့ ဂျီနိုအာအသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီနိုအာအသင်းဟာ စီးရီးအေငါးပွဲမှာ တစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ် ရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၁၉) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ အသင်းအတွက် ခြေစွမ်းပြတဲ့ကစားသမားအချို့ကို ရောင်းချခဲ့တာကြောင့် လက်ရှိမှာ တိုက်စစ်ကစားပုံကျဆင်းနေတယ်လို့ဆိုရမှာပါ။ နည်းပြဒီရော့ဆီကတော့ သူရဲ့ကစားသမားဘဝအတွေ့အကြုံတွေနဲ့ အသင်းကို အကောင်းဆုံးတည်ဆောက်နေပေမဲ့ အသင်းရဲ့ကစားသမားတွေက တစ်ဦးချင်းစွမ်းဆောင်ရည် လိုအပ်ချက်ရှိနေတာကြောင့် နိုင်ပွဲရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာလဲ တိုက်စစ်ပိုင်းက သွင်းဂိုးသုံးဂိုးသာသွင်းယူနိုင်ခဲ့တာကြောင့် ဖီအိုရင်တီးနားအသင်းလို တိုက်စစ်ကစားပုံ အားကောင်းတဲ့အသင်းနဲ့ဆိုရင်တော့ ပေးဂိုးများသွားမှာသေချာပါတယ်။

ဖီအိုရင်တီးနားအသင်းဟာ ရာသီအစပွဲတွေမှာ ဆိုးရွားခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်မှာတော့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ စီးရီးအေငါးပွဲမှာတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေသုံးပွဲရှုံးရလဒ်ကြောင့် ရမှတ်လေးမှတ်သာရထားပြီး အမှတ်ပေးဇယားအဆင့် (၁၇) မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲကိုရှုံးခဲ့ရင် တန်းဆင်းဇုန်ထဲရောက်သွားနိုင်မှာဖြစ်လို့ နည်းပြဗန်နိုလီဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ကိုသေချာပြင်ဆင်လာခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ နာပိုလီနဲ့ပွဲမှာတော့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ကစားနိုင်ခဲ့ပြီး ရမှတ်ခွဲယူနိုင်ခဲ့တာကြောင့် အခုပွဲမှာလဲ အဲဒီပွဲကကစားပုံအတိုင်းကစားနိုင်မယ်ဆိုရင် ဂျီနိုအာလိုကစားပုံကျဆင်းနေတဲ့အသင်းကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ အခုပွဲမှာ ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဖီအိုရင်တီးနားအသင်းနဲ့ပဲလက်တွဲရမှာပါ။

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၁ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၄ | ကိုမို |
| ဂျီနိုအာ | ၁ | - | ၁ | ဖရိုစီဝမ်း |
| ဂျီနိုအာ | ၁ | - | ၀ | စူတီရိုလ် |
| ပါးမား | ၂ | - | ၁ | ဂျီနိုအာ |

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၀ | - | ၃ | ဖရိုစီဝမ်း |
| ဖီအိုရင်တီးနား | ၁ | - | ၂ | တိုရီနို |
| ဗီနီဇီယာ | ၂ | - | ၄ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၃ | - | ၀ | ပီဆာ |
| ဖီအိုရင်တီးနား | ၁ | - | ၁ | နာပိုလီ |

**လိုက်ပ်ဇစ်အသင်းကို အားပေးရမှာပါ**

ဘွန်ဒက်လီဂါပွဲစဉ် (၅) မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ လိုက်ပ်ဇစ်အသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ အမှတ်ပေးပွဲလေးပွဲအပြီးမှာတော့ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ကြောင့် အဆင့် (၉) မှာရပ်တည်နေပေမဲ့ အခုပွဲကို နိုင်ပွဲရှာနိုင်ရင်တော့ အမှတ်ပေးဇယားအဆင့် (၆) ထိ ပြန်လည်တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဒီမစ်ချဲလစ်အနေနဲ့ အခုပွဲကိုတိုက်စစ်မြှင့်လာမှာသေချာနေပြီး ပြီးခဲ့တဲ့အိမ်ကွင်း နှစ်ပွဲဆက်မှာလဲ တိုက်စစ်ပိုင်းကရှစ်ဂိုးထိသွင်းယူထားနိုင်ခဲ့တာကို သတိပြုရမှာပါ။ လိုက်ပ်ဇစ်အသင်းဟာ အခုရာသီမှာ အဝေးကွင်းစွမ်းဆောင်ရည်ကျဆင်းခဲ့ပေမဲ့ အိမ်ကွင်းမှာတော့နိုင်ပွဲဆက်တိုက်ရထားပြီး ပေးဂိုးမရှိခဲ့တာကြောင့် အခုပွဲမှာလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဖရန့်ဖတ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာသေချာပါတယ်။

ဖရန့်ဖတ်အသင်းကတော့ နွေရာသီအပြောင်းအရွှေ့ကာလမှာ အသင်းခံစစ်က အယ်မီဒါ၊ နသန်နီရယ်ဘရောင်းတို့ကို ရောင်းချခဲ့ပြီး ပြန်လည်အစားထိုးနိုင်ခြင်းမရှိတာကြောင့် လက်ရှိမှာ ခံစစ်ကစားပုံကျဆင်းနေတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့အမှတ်ပေးပွဲ လေးပွဲဆက်မှာလဲ တစ်ပွဲသာနိုင်ထားပြီး နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကြောင့် အမှတ်ပေးဇယားအဆင့် (၁၀) မှာရောက်ရှိနေတာဖြစ်ပါတယ်။ နည်းပြဟက်တာကိုင်တွယ်နေတဲ့ တိုက်စစ်ပိုင်းဟာ လေးပွဲမှာ ကိုးဂိုးထိ သွင်းယူထားနိုင်ပေမဲ့ ခံစစ်ပိုင်းကပေးဂိုး ၁၀ ဂိုးထိရှိနေတာကြောင့် ခံစစ်ပိုင်းပေးဂိုးများနေတာကိုသတိပြုရမှာပါ။ ဒါကြောင့် အခုပွဲမှာ ကွင်းလယ်အားနည်းချက်ကို မပြင်နိုင်ရင်တော့ အန်ကူကူ၊ နူဆာ၊ ဂရူဒါတို့ဦးဆောင်တဲ့တိုက်စစ်ကို ပွဲပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ အခုပွဲမှာ အနိမ့်ဆုံးတစ်ဂိုးနဲ့ နိုင်မဲ့ လိုက်ပ်ဇစ်ကိုအားပေးရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၃ | - | ၀ | ဂလာဘတ် |
| ဝါဒါဘရီမင် | ၃ | - | ၁ | လိုက်ပ်ဇစ် |
| ကိုမို | ၄ | - | ၁ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၅ | - | ၀ | ဟမ်းဘတ် |
| လေဗာကူဆင် | ၂ | - | ၀ | လိုက်ပ်ဇစ် |

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၃ | - | ၃ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၁ | - | ၄ | အော့စ်ဘတ် |
| မိန့်ဇ် | ၁ | - | ၃ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၂ | - | ၂ | ဖရိုင်းဘတ် |
| ဖရန့်ဖတ် | ၄ | - | ၀ | ဘရန်ရှဝစ် |







## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်မြောက် ဥယျာဉ်ရပ်ကွက်၊ ဘက(၂၄)ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးချစ်မင်းဦး(၉/ပကခ(နိုင်)၀၁၅၂၃၁)၏သမီး မအိမ့်ပန်ထွာဦး အား **မရွှန်းဝတီစံ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှန်းဝတီစံ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း၊ မြို့မ၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်ထက်နိုင်စိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဇော်ဇော်ဟိန်း** ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်ဟိန်း(၉/တတဥ(နိုင်)၁၃၃၇၇၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံရွာ၊ အမှတ်(၁၆)ရွှေစာရံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်စိုင်းမြတ်ထွန်း(ကျောင်းဝင်အမှတ် ၁၀၀၂)၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးအောင်ကျော်ထွန်း** ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ထွန်း(၉/မခန(နိုင်)၂၀၅၅၇၉)**

## ပျောက်ဆုံးကြောင်း

နောင်ချိုမြို့၊ သုံးဆယ်ကျေးရွာအုပ်စု၊ သုံးဆယ်ဈေးကုန်းကျေးရွာနေ ဟာရ်ကားဗဟာဒူး (ဘ) ဦးဒီးလ်ဗဟာဒူး(၁၃/နခတ(နိုင်)၀၅၀၇၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-444621549**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်ဇေယျာ(၁၃)နယ်မြေ၊ ပုလဲငွေရောင်လမ်းနေ သူဇာဝင်းပြည့် (ဘ) ဦးမြင့်ဟန်(၉/မထလ(နိုင်)၂၇၃၈၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-963659434**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ပညာရိပ်မွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မစန်းသီတာအေး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဘီရ်ဗာဒူး** ဖြစ်ပါကြောင်း။

**ဦးဘီရ်ဗာဒူး(၉/မကန(နိုင်)၁၉၉၄၆၃)**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စဉ့်ကိုင်မြို့နယ်၊ အလက(ခွဲ)ကန်ကြီးကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မခိုင်စံပယ်ကျော်၏အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဇူဇင်ထွေး ၄-၁-၂၀၁၁** ဖြစ်ပါကြောင်း။ **မဇူဇင်ထွေး ၄-၁-၂၀၁၁**

## ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

ရတနာပုံ
ယနေ့ ဖတ်စရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပြောကြားချက်များ စာမျက်နှာ - ၆၊ ၇

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ စာမျက်နှာ - ၂၀

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့ကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့ကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မလေးရှား ဝန်ကြီးချုပ်ရုံး၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ဦးမြင့်ကြိုင်၊ဦးမောင်မြင့်၊ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

## ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် DPLA၊ TNLA နှင့် PDF အမည်ခံ အဖွဲ့ဝင် ၂၂ ဦးတို့ကို မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်



အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူ တစ်ဦးကို ဆုကြေးငွေနှင့် လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၈

တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ် တစိုက် အလေးထားဆောင်ရွက် လျက်ရှိသည်နှင့်အညီ အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်း ဖက်သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများကို

စာမျက်နှာ ၂၅ ကော်လံ ၁ ❍

ရတနာပုံ ယနေ့ဖတ်စရာ

ဒုတိယသမ္မတ ဦးညိုစော အယ်လ်နီညိုဖြစ်စဉ် ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ် များကို ကြိုတင်ကာကွယ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး သို့ တက်ရောက်အမှာစကားပြောကြား စာမျက်နှာ - ၂၁

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများပေါ်ထွက်လာ စေရေးနှင့် ပြေးခုန်ပစ်အားကစားနည်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၂၂ ကော်လံ ၁ ❖



## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား ဂျူဒိုပြိုင်ပွဲတွင် ရွှေ ၂၂ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၂ ခုဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက စုပေါင်းတံခွန်စိုက်ဒိုင်းရရှိ



နေပြည်တော် အောက်တိုဘာ ၈

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမား များမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင် နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်း များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာ စေရန် ရည်ရွယ်၍ ကျင်းပလျက် ရှိရာ ၂၀၂၆ ခုနှစ်

၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်ကစားစဉ်။

စာမျက်နှာ ၂၃ ကော်လံ ၁ ❑